# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝင်(ဓမ္မပဒ–၁၈၂)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်( ၂၂၈)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ၌ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့မှုများအား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ ငလျင်ဘေးဒဏ်ခံနိုင်မှုရှိစေရေး အဆင့်အလိုက်၊ အပိုင်းအလိုက် ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) မျက်နှာစာသန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❂


**ယနေ့ ဖတ်စရာ**

ကျောင်းပြင်ပရောက်ကလေးများ (မူလတန်းဆင့်နှင့် အလယ်တန်းဆင့်)ကျောင်းသို့ ပြန်လည်ရောက်ရှိရေး Placement Test (အထူးအစီအစဉ်)ဆောင်ရွက်ပေးမည် — ဆောင်းပါး — စာ ၆

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကုန်ကြမ်း ဝါသီးနှံထုတ်လုပ်မှုအကျိုးအမြတ်အား လေ့လာခြင်း — ဆောင်းပါး — စာ ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို — ပြည်တွင်းသတင်း — စာ ၁၂








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်  နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်  နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) နှင့် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

- ❖ ပြည်ထောင်စုဂုဏ်ပြုဗိမာန်အတွင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများကို ထုဆစ်ထားရှိသွားမည်
- ❖ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီ ထည့်သွင်းတည်ဆောက်သွားရန်လို
- ❖ ဗိမာန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုး

❂ *ရှေ့ဖုံးမှ*

ဆက်လက်၍ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ် (နေပြည်တော်) တို့သို့ ရောက်ရှိပြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မဏိရတနာကျောက်စိမ်းခန်းမကြီးအတွင်းအပြင်အား လိုအပ်သည့်ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ကျောက်စိမ်းဥယျာဉ်အား အဆင့်အတန်းမီပြီး သန့်ရှင်းသပ်ရပ်သည့်ဥယျာဉ်အဖြစ် ပြန်လည်အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရာဇသင်္ဂဟလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သပြေကုန်းအဝိုင်းအနီးဝန်းကျင်၌ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီစွာ ဆောင်ရွက်သွားနိုင်ရေးအတွက် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) နှင့် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နေပြည်တော်မြို့အဝင်မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုပုံစံဖြင့် အဆင့်မီမီဖြစ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှောင်ကွင်းလမ်းသစ်နေရာများ၌လည်း ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စည်ပင်သာယာရေးကော်မတီအဖွဲ့များက အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေပြည်တော်ရင်ပြင်သို့ရောက်ရှိကြပြီး ရင်ပြင်ပတ်လည်နေရာများ၌ မြန်မာ့သမိုင်းဝင်အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ ထည့်သွင်းတည်ဆောက်သွားရန်၊ စကျင်ကျောက်များဖြင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်သွားရန်၊ ရင်ပြင်ပတ်လည်တွင် မြို့ပြအင်္ဂါရပ်နှင့် လျော်ညီသည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများ၊ ဗိမာန်ပတ်ဝန်းကျင်၌ သစ်ပင်ပန်းမန်များ ထည့်သွင်းစိုက်ပျိုးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### စနစ်တကျထည့်သွင်းစိုက်ပျိုး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်အတွင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့်ပုဂ္ဂိုလ်ကြီးများ၏ရုပ်တုများကိုထုဆစ်ထားရှိသွားမည်ဖြစ်ကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမအဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုများနှင့် မူဝါဒသစ်များက မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ခရီးလမ်းခိုင်မာစေရေးအတွက် နိုင်ငံနှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဖော်ဆောင်နေမှုအခြေအနေ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်၊ ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အားလုံးကို ဥပဒေဘောင်အတွင်းဝင်ရောက်ရေး အစဉ်တစိုက် ဖိတ်ခေါ်လျက်ရှိရာ ယခုအစိုးရသစ်၏ ရက် (၁၀၀) ငြိမ်းချမ်းရေး အစီအစဉ်အဖြစ် ၂၀၂၄ ခုနှစ် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ထားမှုအခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ထိစပ်နေသည့်အတွက် နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သင်ကြားရေးဆေးရုံကြီး-မကွေးနှင့် မကွေးမြို့ရှိ ဆေးနှင့်ဆေးနှီးနွယ်တက္ကသိုလ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် သင်ကြားရေးဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံကာ ဆေးကုသရေးနှင့် သင်ကြားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးတက္ကသိုလ် (မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ သင်ကြားရေးဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အပန်းဖြေရိပ်သာ (Recreation Center) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းနှင့် Mobile Lab Van ကိုလည်းကောင်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၌ စာသင်ခန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ သူနာပြုသိပ္ပံ (မကွေး) အဆင့်မြှင့်တင်နိုင်ရေးအတွက် စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်းများ(Skill Lab)၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ထမင်းချက်ဆောင်နှင့် ထမင်းစားဆောင်၊ သင်တန်းသူ အိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းနှင့်ဒုတိယဝန်ကြီး ဦးသိုက်စိုးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သော်မှော်ကုန်း စံပြကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။(အပေါ်ပုံ)

ဦးစွာ သော်မှော်ကုန်းစံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးပြီး ကျေးရွာအတွင်း ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း လမ်းတံတားလုပ်ငန်းများ၊ ကျေးရွာရေရရှိရေး၊ ကျေးရွာစာကြည့်တိုက်နှင့် ICT စင်တာ ဆောင်ရွက်ထားရှိမှု၊ နို့စားနွား မွေးမြူရေးလုပ်ငန်း၊ အစုအဖွဲ့နှင့် တစ်နိုင်တစ်ပိုင် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွန်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်လျက်ရှိသော အခြေခံအပ်ချုပ်စက်သင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လွှတ်တော်များ ဒုတိယပုံမှန်အစည်းအဝေးအတွက် တည်းခိုရေးနှင့် နေရာချထားရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၀**

တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေးအတွက်“တည်းခိုရေးနှင့်နေရာချထားရေးကော်မတီ” ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အောက်ပုံ)

အစည်းအဝေးသို့နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ ကော်မတီဝင်များ၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ပါ အချက်များနှင့်အညီ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)တွင် လွှတ်တော်ကိုယ်စားလှယ်များအတွက် အိပ်ဆောင် ၁၁ ဆောင်၊ အခန်း ၈၁ ခန်း နေရာချထားပေးလျက်ရှိကြောင်း၊ တည်းခိုရေးနှင့် နေရာချထားရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အမြဲတမ်းအတွင်းဝန် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တည်းခိုရေးစခန်းတို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှမ်းပြည်နယ်(တောင်ပိုင်း) အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)သို့ သွားရောက်၍ အိမ်ရာတည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၊ အေးသာယာ၊ ဟဲဟိုး၊ ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (အေးသာယာ) သို့ သွားရောက်၍ အိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ) ဆက်လက်တည်ဆောက်လျက်ရှိမှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(အေးသာယာ)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ထောက်ချုပ်ရုံးမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်က အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက် နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့်လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်မှုထမ်းဟောင်းများသည် အရေးကြီးသည့်တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများ၊ အိမ်ရာနေစစ်မှုထမ်းဟောင်းမိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှုအဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးမည့် အခြေအနေများ၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်းရှိ သက်သာချောင်ချိရေး အရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်း မိသားစုဝင်များအား စက်ချုပ်နည်းပညာ သင်တန်းသင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ်တိုက်ခန်းများနှင့် တည်ဆောက်ဆဲ တိုက်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်များ ပေးအပ်သည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် အေးသာယာ၊ ဟဲဟိုး၊ ကလောတပ်နယ်များရှိ နယ်မြေခံတပ်ရင်းများအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး

## မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၌ အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များ ထိခိုက်ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ တိုင်းဒေသကြီး ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထု ထောက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း ပြင်ဦးလွင်မြို့၌ ထိန်းသိမ်းထားရှိသည့် မဲပေးစက်များကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Digitalization of Industrial Russia 2026 ဖိုရမ် Plenary International Session တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ ညနေပိုင်းတွင် Digitalization of Industrial Russia 2026 ဖိုရမ်၏ plenary international session ၌ "Digital Industry Map: Roles and Responsibilities on a Global Scale" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။



အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဇင်ဘာဘွေနိုင်ငံ ဒုတိယသမ္မတ Mr. Constantino Chiwenga၊ ဆားဘီးယားနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Chief of Staff, Mr. Lazar Pavlovic၊ အိန္ဒိယနိုင်ငံ အီလက်ထရောနစ်နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ အတွင်းရေးမှူး Mr. Krishnan Saranyan တို့ ပါဝင်ဆွေးနွေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် လူထုမီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alexander Shoitov ဦးဆောင်သော အဖွဲ့အား တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကြား ဉာဏ်ရည်တုနည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာရပ်များတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ရုရှားနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေး Security Code ကုမ္ပဏီနှင့် ဇီဝအချက်အလက် အခြေခံအသုံးချပရိုဂရမ်များ ထုတ်လုပ်သည့် Biometric Technology Center မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် Nizhny Novgorod ၏ Governor Mr. Gleb Sergeevich Nikitin နှင့် တွေ့ဆုံပြီး Nizhny Novgorod မြို့ကို ရုရှားနိုင်ငံ၏ Quantum Valley ဖြစ်လာစေရေးအတွက် စီမံဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အဆင်သင့်ဖြစ်သည့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီ NEIMARK တက္ကသိုလ် တည်ထောင်လျက်ရှိမှုတို့ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ရတနာပုံ ဆိုက်ဘာစီးတီး စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ စီမံကိန်းအနီးတွင် နည်းပညာ တက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)ကိုလည်း တည်ထောင်ထားရှိသည့်အတွက် Nizhny Novgorod ၏ အတွေ့အကြုံများကို မျှဝေပေးစေလိုကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းပြင်ပရောက်ကလေးများ (မူလတန်းဆင့်နှင့် အလယ်တန်းဆင့်)ကျောင်းသို့ပြန်လည်ရောက်ရှိရေး Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးမည်

အခြေခံပညာဦးစီးဌာန

- **ကျောင်းပြင်ပရောက်ကလေးတိုင်းသည် ပညာသင်ယူမှု ရပ်တန့်သွားသည်ဟု မဆိုနိုင်ပါ။ ကျောင်းမတက်သော်လည်း ကျောင်းသင်ရိုးပါ သင်ခန်းစာများကို မိမိတို့အစီအစဉ်ဖြင့် ကိုယ်တိုင်သင်ယူနေကြသူများလည်း ရှိနိုင်ပါသည်။ ထိုသို့ လေ့လာသင်ယူခြင်းက စာပေများကို တတ်မြောက်နိုင်သော်လည်း ပညာအရည်အချင်းသတ်မှတ်ချက်ကို အာမခံနိုင်သည့် တရားဝင်အထောက်အထားရရှိမည်မဟုတ်ပါ။ စာတတ်ပြီး အတန်းပညာမရှိခြင်းသည် လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရန် ခက်ခဲပါလိမ့်မည်**
- **ထို့ကြောင့် နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ပညာရည်တိုးတက်ရေးကို လိုလားသည့် စေတနာအမှန်ဖြင့် Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် မိဘပြည်သူအားလုံးက ကျောင်းပြင်ပရောက်ကလေးတိုင်း ဝင်ရောက်ဖြေဆိုနိုင်ရေး တတ်အားသရွေ့ ပူးပေါင်းပါဝင်ပေးကြရမည်**

"ပညာသင်ယူခွင့်ရရှိရေး"သည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။ အတန်းပညာရှိမှ အသိပညာ၊ အတတ်ပညာ ပြည့်စုံကြွယ်ဝပြီး အတွေးအခေါ်မြင့်မားမည်ဖြစ်ရာ **"ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေး"** သည် ပညာသင်ယူမှု၏ ပထမခြေလှမ်းဖြစ်သည်။ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး သင်ယူမှုပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများကြောင့် ကလေးများ၏ ပညာသင်ယူမှုတွင် အဟန့်အတားများ ဖြစ်ခဲ့ရသည့်အတွက် ကျောင်းမှထွက်ခွာ၍ ပြင်ပသို့ရောက်ရှိနေသော ကျောင်းနေအရွယ်ကလေးများ အရေအတွက်များစွာရှိနေပြီး ပညာရေးနှင့် အလှမ်းဝေးနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပါသည်။

ကလေးတိုင်းသည် မိသားစုဝင်များအတွက်သာမက နိုင်ငံတော်အတွက် အားထားရသည့် အဖိုးထိုက်ရတနာများ ဖြစ်ပါသည်။ ကျောင်းများတွင် ရောက်ရှိပညာသင်ယူနေရမည့် ကလေးများက လွဲမှားသည့် အယူအဆများနှင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများကြောင့် ပညာရေးဆုံးခန်းမတိုင်ခင် သင်ယူမှုရပ်တန့်နေခဲ့ကြရပါသည်။ ကျောင်းနေအရွယ်တွင် ကျောင်းသို့မရောက်ခြင်း၊ ကျောင်းမနေခြင်းတို့သည် မိမိကိုယ်တိုင် မိမိဘဝကို ဖျက်ဆီးနေခြင်းဖြစ်သကဲ့သို့ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းကိုပါ ထိခိုက်ပျက်စီးစေနိုင်ပြီး နိုင်ငံတော်အတွက်လည်း ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်စေပါသည်။

**ပညာသည်သာ အခရာ လက်တွေ့သိမြင်လာ**

ပညာဆိုသည်မှာ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြား သုံးသပ်နိုင်သော အသိဉာဏ်ဖြစ်ပါသည်။ ပညာမတတ်လျှင် မိမိကိုယ်ကို ထိန်းကျောင်းပဲ့ပြင်နိုင်စွမ်းမရှိဘဲ ပတ်ဝန်းကျင်၏လွှမ်းမိုးမှုအောက်သို့ အလွယ်တကူရောက်ရှိနိုင်ပါသည်။

နိုင်ငံကိုဖျက်ဆီးလိုသည့် လူတစ်စု၏ မသမာလုပ်ရပ်များကြောင့် ပညာရေးနှင့် အလှမ်းဝေးသထက် ဝေးသွားရသည့် ကလေးများသည် ကျောင်းမတက်ရခြင်းနှင့် ပညာမတတ်ခြင်း၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရပြီး ဘဝရည်မှန်းချက်များ ဝေဝါးပျောက်ဆုံးနေကြရပြီဖြစ်ပါသည်။ သက်တူရွယ်တူများအကြား ပညာအဆင့်အတန်း ကွာဟချက်များရှိလာပြီး တန်ဖိုးမဲ့လူသားများအဖြစ် သတ်မှတ်ခံရမည့် အခြေအနေသို့ ရောက်ရှိနေကြရသည်ကို ရင်နင့်ဖွယ်တွေ့မြင်နေရပါသည်။ မိမိတို့ဘဝအတွက် ပညာသည် အခရာကျသည်ကို နားလည်သဘောပေါက်လာပြီး ကျောင်းများသို့ ပြန်လည်ဝင်ရောက်၍ ပညာဆက်လက်သင်ယူလိုသည့်စိတ်ဆန္ဒများ ပြင်းပြနေကြပါသည်။

**သင်ယူမှုအခွင့်အရေး ဖော်ဆောင်ပေး**

ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်စေရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။ ကျောင်းသားများ ကျောင်းနေပျော်၍ စာပေတော်အောင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ မူလတန်းကျောင်းဝတ်စုံများ၊ ခဲတံ၊ ဘောပင်များ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးပြီး အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးပြည့်ဝစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းပြင်ပရောက် ကလေးများ ပညာဆက်လက် သင်ယူနိုင်ရေး အတွက်လည်း ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေး တန်းညှိအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

"ပညာသင်ယူခြင်းသည် ရပ်တန့်၍မရသော အရာ" ဖြစ်ပါသည်။ ကလေးများအားလုံး အကျုံးဝင်ပြီး တန်းတူပညာသင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ မိသားစုကလည်း ပံ့ပိုးပေးရပါမည်။ ပတ်ဝန်းကျင်ကလည်း တွန်းအားပေးရပါမည်။ ပညာရေးရပ်ဝန်းအတွင်းမှ တာဝန်ရှိသူများကလည်း လက်တွဲခေါ်ပေးရပါမည်။

အခြေအနေအမျိုးမျိုးကြောင့် အချို့သော ကျောင်းနေအရွယ်ကလေးများသည် ကျောင်းပရိဝုဏ်နှင့် ငါးနှစ်တာ ဝေးကွာခဲ့ရပြီးဖြစ်၍ ၎င်းတို့ တက်ရောက်အောင်မြင်ခဲ့သော အတန်းအရ ကျောင်းသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက လက်ရှိကျောင်းသားများနှင့် အသက်အရွယ်ကွာဟမှုများ၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ မတူညီမှုများကြောင့် ရှက်ရွံ့သိမ်ငယ်မှုများခံစားရပြီး နေ့စဉ်ကျောင်းတက်ရောက်မှုတွင် အခက်အခဲများ ရှိလာနိုင်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းပြင်ပရောက် ကလေးများ၏ အခြေအနေအရပ်ရပ်ကို ထောက်ရှု၍ အခြေခံပညာရေးတွင် လူတိုင်းအကျုံးဝင်မှုရှိအောင် အထူးအခွင့်အရေးတစ်ရပ် ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

**လူတိုင်းအကျုံးဝင် Placement Test (အထူးအစီအစဉ်)**

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့အသံကို အလေးထားပြီး ပြည်သူများ၏ လိုအပ်ချက်ကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ နိုင်ငံသားတစ်ဦးရရှိရမည့် ပညာသင်ယူမှုအခွင့်အရေးကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူ့အကျိုးကို ရှေးရှု၍လည်းကောင်း ကျောင်းပြင်ပရောက်ကလေးများ ကျောင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် သတ်မှတ်ထားသောမူဝါဒများကို လျှော့ချ၍ Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယခုဆောင်ရွက်မည့်အစီအစဉ်သည် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၀-၂၀၂၂ ပညာသင်နှစ်မှစ၍ ကျောင်းပြင်ပသို့ ရောက်ရှိခဲ့သည့် ကျောင်းသားများကို ပညာအရည်အချင်းအရသော်လည်းကောင်း၊ အသက်အရွယ်အရသော်လည်းကောင်း သင့်လျော်ကိုက်ညီသည့် အတန်းတွင် တက်ရောက်သင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည့် အရည်အချင်းစစ်စာမေးပွဲ ဖြစ်ပါသည်။

ဤအစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားပါမည်-

| | |
|---|---|
| စစ်ဆေးမည့်အတန်းများ | အခြေခံပညာမူလတန်းဆင့် [Grade 1,2,3,4,5] နှင့်<br>အခြေခံပညာအလယ်တန်းဆင့် [Grade 6,7,8] |
| စစ်ဆေးမည့်ရက် | ၁၅-၆-၂၀၂၆ ရက်နေ့မှ ၂၀-၆-၂၀၂၆ ရက်နေ့ထိ |
| စစ်ဆေးမည့်နေရာ | သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးက သတ်မှတ်သည့် စာစစ်ဌာနများ (အခြေခံပညာကျောင်းများ) |

Placement Test (အထူးအစီအစဉ်) ကို အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တက်ရောက်ခဲ့ဖူးပြီး အသက် ၁၅ နှစ်ထက်မကျော်လွန်သည့် ကလေးများအားလုံး အကျုံးဝင်မည် ဖြစ်ပါသည်။

ဤစာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းပြင်ပရောက် ကလေးများသည် အသက်အရွယ်အရ တက်ရောက်ရမည့်အတန်း၏ တစ်ဆင့်နိမ့်အတန်းကို ဝင်ရောက်ဖြေဆိုရမည် ဖြစ်ပါသည်။ (မိမိသဘောဆန္ဒအရ အတန်းအဆင့်နိမ့်၍ တက်ရောက်လိုပါကလည်း ထိုအတန်း၏ တစ်ဆင့်နိမ့်အတန်းကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်)

အသက်အရွယ်အရ ဝင်ရောက်ဖြေဆိုရမည့် အတန်းနှင့် တက်ရောက်ရမည့် အတန်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အသက် | ဝင်ရောက် ဖြေဆိုရမည့် အတန်း | အောင်မြင်ပါက တက်ရောက်ရမည့် အတန်း | ကျရှုံးပါက တက်ရောက်ရမည့် အတန်း |
|---|---|---|---|
| ၇ နှစ် | Grade 1 | Grade 2 | Grade 1 |
| ၈ နှစ် | Grade 2 | Grade 3 | Grade 2 |
| ၉ နှစ် | Grade 3 | Grade 4 | Grade 3 |
| ၁၀ နှစ် | Grade 4 | Grade 5 | Grade 4 |
| ၁၁ နှစ် | Grade 5 | Grade 6 | Grade 5 |
| ၁၂ နှစ် | Grade 6 | Grade 7 | Grade 6 |
| ၁၃ နှစ် | Grade 7 | Grade 8 | Grade 7 |
| ၁၄ နှစ်နှင့် ၁၅ နှစ် | Grade 8 | Grade 9 | Grade 8 |

Placement Test (အထူးအစီအစဉ်) ဝင်ရောက်ဖြေဆိုပြီး အတန်းတက်ရောက်ခွင့်ရရှိသူများ စာရင်းကို ၁-၇-၂၀၂၆ ရက်နေ့တွင် တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာသွားပါမည်။ အတန်းတက်ရောက်ခွင့်ရရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများတွင်သာ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

**ဘဝရည်မှန်းချက်တွေအောင်မြင်ဖို့ အထူးအစီအစဉ်တွင် ပါဝင်ကြပါစို့**

ပညာရေးဝန်ကြီးဌာနက အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်များ ပေါ်များရေး၊ ပညာရေးတွင် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူ ပပျောက်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံ့အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ "အခြေခံပင်မရင်းမြစ်" ဖြစ်သည့် အခြေခံပညာကျောင်းများ အရည်အသွေးတိုးတက်မြင့်မားလာစေရေး အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။

မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများကို အရည်အသွေးရှိပြီး စနစ်ကျသည့် ကျောင်းသင်ပညာရေးမှတစ်ဆင့် ဘဝရှင်သန်ရပ်တည်ရေးအတွက် လိုအပ်သည့် အခြေခံကျွမ်းကျင်မှုများ ရရှိအောင်၊ *စာမျက်နှာ ၇ သို့*

ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၆ ခုနှစ်၊ မေလ (၂၅)ရက်နေ့မှ မေလ (၃၁)ရက်နေ့ထိ


# ၂၀၂၆ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide (SO2)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကြို့ပင်ကောက်မြို့နယ်၌ ဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးအပ်

**ကြို့ပင်ကောက် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက် မျိုးစေ့များ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက စီးပွားဖြစ်စိုက်ပျိုးတတ်သည့် အလေ့အထကောင်းများ ရရှိစေရန်အတွက် အရည်အသွေးကောင်းသည့် မျိုးစေ့များကိုသာ ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဟင်းသီးဟင်းရွက်မျိုးစေ့များကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ လွှဲပြောင်းပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**




**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**


*စာမျက်နှာ ၆ မှ*

ကိုးစားခိုင်လုံသည့် ပညာအရည်အချင်း သတ်မှတ်ချက်များဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး အဆင့်ဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည်။ ကလေးများကိုယ်တိုင်ကလည်း **"ကျောင်းနေအရွယ်တွင် ကျောင်းတက်ရမည်"** ဟူသော ပင်ကိုအသိ မဖြစ်မနေရှိရပါမည်။

နိုင်ငံသားတိုင်းတွင် နိုင်ငံတော်အတွက် ထမ်းဆောင်ရမည့် တာဝန်ကိုယ်စီရှိပါသည်။ ကျောင်းသားတစ်ဦးအနေဖြင့် ကျောင်းနေအရွယ်တွင် ကျောင်းမှန်မှန်တက်ပြီး တန်းစဉ်ကူးပြောင်း၍ ပညာသင်ယူခြင်းသည် နိုင်ငံ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်းပင် ဖြစ်ပါသည်။

ကျောင်းနေအရွယ်တွင် ပုံစံတကျ ပညာသင်ယူခွင့်ရရှိမှသာ အလေ့အကျင့်ကောင်းများကို ခိုင်မာစွာ အုတ်မြစ်ချနိုင်ပြီး ဘဝတစ်လျှောက်လုံး သင်ယူပြီးရင်း သင်ယူလိုစိတ်များ ရှင်သန်ကိန်းအောင်းလာမည်ဖြစ်ပါသည်။ "အခြေခံပညာ"ကို ကောင်းစွာ သင်ယူတတ်မြောက်မှသာ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များ တည့်မတ်မှန်ကန်လာမည်ဖြစ်ပါသည်။ ပညာကသာ လူတစ်ဦး၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေပါသည်။

ကျောင်းပြင်ပရောက်ကလေးတိုင်းသည် ပညာသင်ယူမှု ရပ်တန့်သွားသည်ဟု မဆိုနိုင်ပါ။ ကျောင်းမတက်သော်လည်း ကျောင်းသင်ရိုးပါ သင်ခန်းစာများကို မိမိတို့အစီအစဉ်ဖြင့် ကိုယ်တိုင်သင်ယူနေကြသူများလည်း ရှိနိုင်ပါသည်။ ထိုသို့ လေ့လာသင်ယူခြင်းက စာပေများကို တတ်မြောက်နိုင်သော်လည်း ပညာအရည်အချင်းသတ်မှတ်ချက်ကို အာမခံနိုင်သည့် တရားဝင်အထောက်အထား ရရှိမည်မဟုတ်ပါ။ စာတတ်ပြီး အတန်းပညာ မရှိခြင်းသည် လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရန် ခက်ခဲပါလိမ့်မည်။ မည်သည့်လုပ်ငန်းခွင်တွင်မဆို အနည်းဆုံးအောင်မြင်ရမည့် အတန်းပညာ၊ ဘွဲ့ဒီဂရီစသော ပညာအရည်အချင်းများနှင့်ပြည့်စုံမှသာ ရွေးချယ်ကြပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ပညာရည်တိုးတက်ရေးကို လိုလားသည့် စေတနာအမှန်ဖြင့် Placement Test (အထူးအစီအစဉ်) ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် မိဘပြည်သူအားလုံးက ကျောင်းပြင်ပရောက် ကလေးတိုင်း ဝင်ရောက်ဖြေဆိုနိုင်ရေး တတ်အားသရွေ့ ပူးပေါင်းပါဝင်ပေးကြရမည်ဖြစ်ပါသည်။ ကျောင်းပြင်ပရောက်ကလေးများကလည်း မိမိတို့အတွက် ဆောင်ရွက်ပေးသည့် အထူးအခွင့်အရေးကို လက်မလွှတ်ဘဲ အမိအရ ဆုပ်ကိုင်ကြရပါမည်။ ယခုအချိန်သည် ကျောင်းတက်ရောက်ရန် အချိန်မနှောင်းသေးသည့် အချိန်ကောင်းအခါကောင်းပင် ဖြစ်ပါသည်။

### စဉ်ဆက်မပြတ်ပညာသင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေရေး

ယခုဆောင်ရွက်ပေးသည့် အစီအစဉ်သည် အရွယ်မတိုင်ခင် ကျောင်းနှင့် ကင်းကွာခဲ့ရသော်လည်း ပညာကို တန်ဖိုးထားသူတိုင်းအတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ မိမိတို့သည် ကျောင်းမတက်ဘဲ ပညာရေးနှင့် အဆက်ပြတ်ရသည့် အကျိုးဆက်ကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသူများဖြစ်ရာ အမှားတစ်ခုကို တစ်ဘဝစာသင်ခန်းစာယူ၍ အခြေခံပညာရေးပြီးဆုံးသည်အထိ စဉ်ဆက်မပြတ် ပညာသင်ယူမည်ဟု သန္နိဋ္ဌာန်ချပြီး လေးလေးနက်နက် ကြိုးစားအားထုတ်ကြရပါမည်။

ကျောင်းသားများ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရေးအတွက် အဓိက သော့ချက်သည် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသော ဒေသမှ မိဘပြည်သူများအနေဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အလေးထား၍ ပူးပေါင်းပါဝင်ကြစေလိုပါကြောင်းနှင့် ကျောင်းပြင်ပရောက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် ယခုဆောင်ရွက်မည့် Placement Test (အထူးအစီအစဉ်)ကို လက်ဆင့်ကမ်း၍ သတင်းစကားပါးကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

■ ■ ■

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်ဌာနချုပ်၏ တပ်တည်ဆောက်ရေး လုပ်ငန်းတွင်ဖြစ်စေ၊ လုံခြုံရေးနှင့်စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရာတွင်ဖြစ်စေ ဦးစီးဦးဆောင်ပေးရသော တပ်မှူးများအပေါ်မူတည်၍ အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ အဆင့်တိုင်းတွင်း ဦးစီးဦးဆောင်ပေးရသော ခေါင်းဆောင်အပေါ်မူတည်၍ အရည်အသွေးနှင့်စွမ်းဆောင်မှုကွာခြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုသည်အရေးကြီးပြီး ခေါင်းဆောင်မှုအင်္ဂါရပ်နှင့် ပြည့်စုံနေရန်လိုကြောင်း၊ ထို့အပြင် ခေါင်းဆောင်သည် စည်းရုံးရေးမှူးကောင်းတစ်ယောက်ဖြစ်ရန်လိုပြီး မိမိလက်အောက်မှ ယုံကြည်မှုအပြည့်ဖြင့် လိုက်ပါလာအောင် စွမ်းဆောင်နိုင်ရန်လိုကြောင်း။

တပ်မှူးများသည် အုပ်ချုပ်ရေးအပိုင်းမှ လူမှုရေးကဏ္ဍများတွင် ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုလိုစိတ်ဓာတ်ဖြင့်ဆောင်ရွက်ရန်လိုသော်လည်း လုံခြုံရေးနှင့် စစ်ဆင်ရေး အပိုင်းများတွင် Commander စိတ်ဓာတ်ဖြင့် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ရမည်ဖြစ်၍ မှန်ကန်စွာပိုင်းခြားတတ်ရန်လိုကြောင်း၊ အဓိကကျသောခေါင်းဆောင်များ၊ အရာရှိများမှ တပ်များကို မှန်ကန်စွာဦးဆောင်မှုပေးပါက တပ်တွင်းစည်းလုံးညီညွတ်မှု တိုးတက်လာမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တပ်မှူးများသည် တရားစီရင်ခွင့်အခွင့်အာဏာရှိသူများ ဖြစ်၍ စစ်ဘက်တရားစီရင်မှု အပိုင်းကို မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အရာရှိများနှင့် ပတ်သက်၍ Commander အဆင့်ဆင့်က ထိန်းသိမ်းပေးရန်လိုပြီး ညီအစ်ကိုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းပေးရန်လိုကြောင်း၊ Guardian စနစ်၊ စိတ်ဓာတ်ဖြင့် အထက်အောက် ထိန်းသိမ်းမှုဖြင့် သွားရမည်ဖြစ်ပြီး ကောင်းမွန်သော အစဉ်အလာကောင်းများဖြင့် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည် ဖြစ်ကြောင်း၊ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို Check, Recheck, Counter Check ဖြင့် လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းလစ်ဟင်းမှုမရှိစေဘဲ တပ်များ၏ စွမ်းရည်တိုးတက်လာမည် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးစွမ်းရည်ကျဆင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များပါ ကျဆင်းပြီး စည်းကမ်းမရှိလျှင် စည်းရုံးရေးလည်း ကျဆင်းနိုင်၍ အုပ်ချုပ်ရေးစွမ်းရည်တွင် ပါဝင်သည့် စစ်စည်းကမ်းလိုက်နာမှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းများတွင် ခေါင်းဆောင်များက သေချာစွာကြပ်မတ်ပေးရန် လိုကြောင်း။

ခေါင်းဆောင်ကောင်းများဖြစ်ရန် အတွေးအခေါ်ကောင်းမွန်ရမည်ဖြစ်ပြီး အတွေးအခေါ်ကောင်းမွန်ရန် အသိပညာ၊ အတတ်ပညာပြည့်ဝ၍ ဖတ်ရှုလေ့လာမှုကို မပြတ်ပြုလုပ်နေရန် လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိရန်လိုပြီး သဘောထားပြည့်ဝစွာဖြင့် မြော်မြင်ဆုံးဖြတ်တတ်ရန် လိုကြောင်း၊ ခေါင်းဆောင်တစ်ဦး အနေဖြင့် လက်အောက်ကို အမြဲတမ်းကြည့်ရှု၍ ဆုံးမပဲ့ပြင်ပြောကြားပေးနေရန်လိုကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်ပါက တပ်မှူးအသီးသီးသည် မှန်ကန်သည့် ဦးဆောင်မှုနှင့် လုပ်ဆောင်ပါက လက်အောက်ငယ်သားများက တပ်မှူးအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ အခြေခံဖြစ်သည့် တပ်ရင်း/တပ်ဖွဲ့မှူးများ ခေါင်းဆောင်မှုကောင်းမွန်ပါက လက်အောက်စစ်သည်၊ မိသားစုဝင်များက ယုံကြည်မှုရှိ၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မှူးတစ်ဦးသည် တစ်ဖက်တွင် စစ်တိုက်သည့် တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သော်လည်း စစ်တိုက်တတ်ရုံဖြင့် မပြီးသေးဘဲ တပ်ကိုကောင်းစွာ အုပ်ချုပ်ကွပ်ကဲတတ်ရန်လည်း လိုအပ်ကြောင်း၊ အဓိကကျသည်မှာ တပ်ရင်း/တပ်ဖွဲ့များရှိ တာဝန်ရှိသူများအနေဖြင့် လက်အောက်၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်လိုသဖြင့် ၎င်းတို့နှင့် ထိတွေ့မှုများစွာရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ထိတွေ့မှုများပြုလုပ်ခြင်းသည် စစ်သည်များစိတ်ဓာတ်မြင့်မားရေးနှင့် တပ်အင်အားတောင့်တင်း ခိုင်မာရေးအတွက် လုပ်ဆောင်ရမည့်အချက်ပင်ဖြစ်ကြောင်း။

တပ်မှူး၊ အရာရှိကြီးများသည် တပ်မိသားစုနှင့်ထိတွေ့ရန်လိုသကဲ့သို့ ပြည်သူလူထုနှင့်လည်း အပြုသဘောဆောင်သည့် ထိတွေ့မှုရှိရန် လိုကြောင်း၊ ဆန္ဒဖော်ထုတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများသည် မိမိတပ်မိသားစုများနှင့် ထိတွေ့မှုများပင်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုကြောင်း။

တပ်မှူးများအနေဖြင့် မိမိတပ်ရှိ အရာရှိ၊ စစ်သည်များ ပြည်သူအပေါ် ထိတွေ့ဆက်ဆံရာတွင် ပြည်သူလူထု၏ အထင်အမြင်လွဲမှားစေနိုင်သည့် ကိစ္စရပ်များ မဖြစ်အောင် ထိန်းသိမ်းကြပ်မတ်သွားရန်လိုကြောင်း၊ ပြည်သူနှင့်ထိတွေ့ဆက်ဆံရာတွင် ပြဋ္ဌာန်းထားသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ပြည်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့် အညီ ပြုမူဆက်ဆံရန် အလေးထားမှာကြားလိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်ကိုယုံကြည်မှုရှိအောင်လုပ်ရန်၊ စွမ်းရည်ရှိအောင်လုပ်ရန်၊ လက်အောက်မှ မိမိအပေါ် ယုံကြည်မှုရှိအောင် လုပ်ဆောင်ရန်နှင့် မိမိတပ်မတော်အပေါ် ယုံကြည်မှုရှိအောင် လုပ်ဆောင်ရန် လိုကြောင်း၊ တပ်မှူးများအနေဖြင့် မိမိတို့၏ ခေါင်းဆောင်မှု အောက်တွင် လက်အောက်မှ အားလုံးကို လိုက်ပါဆောင်ရွက် လာစေရေးအတွက် အုပ်ချုပ်မှု ညီညွတ်မျှတအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ Commander သည် အမုန်းခံရမည်၊ ပြောစရာရှိက ပြောရမည်၊ အရေးယူစရာရှိက ယူရမည်၊ ချီးမြှင့်စရာရှိက ချီးမြှင့်ရမည်၊ အသိအမှတ်ပြုစရာရှိက အသိအမှတ်ပြုရမည်ဖြစ်ပြီး ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် လက်အောက်၏ အခြေအနေအမှန်ကို သိရှိရန်လိုကြောင်း။

စစ်ရေးစွမ်းရည် ထက်မြက်ရေးအတွက် လေ့ကျင့်ရေးကို အလေးထား ဆောင်ရွက်ပေးရန်နှင့် Format ပုံစံ၊ Drill ပုံစံများပေါ်တွင် အခြေခံကာ ခေါင်းဆောင်လုပ်သူ၏ဉာဏ်ဖြင့် တိုက်ပွဲပုံစံကို ဖော်သွားရန်လိုသလို လက်အောက်သို့ အမြဲတမ်းသင်ကြားပေးနေရန် လိုကြောင်း၊ အခြေခံလေ့ကျင့်ရေးမှစကာ စစ်ရေးစစ်ရာနှင့် ပတ်သက်၍ သင်ကြားမှုတွင် Format, Drill, Concept စသည်တို့ကို အခြေခံရအောင် သင်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ကျင့်သားရအောင် လုပ်ပေးလိုက်သည့်အတွက် ယင်းတို့ကိုအခြေခံ၍ စစ်မြေပြင်တွင် လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့် လုပ်ဆောင်မှုများဖြင့် ဒွန်တွဲလုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်ရှိသည့် တပ်မတော်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ပင်ဖြစ်ပြီး တိုက်စွမ်းရည်ရှိရန် တပ်မှူးများက မိမိ၏တပ်ကို လေ့ကျင့်ပေးနေရန် လိုကြောင်း၊ စစ်ရေးစွမ်းရည် ထက်မြက်ရန်အတွက် လူတစ်ဦးချင်းစွမ်းရည်များ ထက်မြက်ရန်၊ လက်နက်စွမ်းရည်များ ရှိရန်နှင့် လေ့ကျင့်သားပြည့်ဝရမည့်အပြင် စစ်နည်း ဗျူဟာများကိုလည်း မှန်မှန်ကန်ကန် ကျင့်သုံးတတ်ရန် လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တွင် စစ်ရေးစွမ်းရည်ပြည့်ဝသည့် တပ်မတော်သားကောင်းတစ်ယောက် ဖြစ်စေရန် အလေ့အကျင့်ကောင်းများ ရှိရမည့်အပြင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ကြောင်း။

မိမိတွင်ရှိသည့် လူ၊ ပစ္စည်း၊ မိမိသင်ကြားရသည့် စစ်ပညာ၊ လက်ဝယ်တွင်ရှိသည့် နည်းပညာများကို ကောင်းစွာအသုံးချပြီး စွမ်းရည်ထက်မြက်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ ရှိသည့် စစ်လက်နက် ပစ္စည်းများကို ထိရောက်စွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်တွင် လေ့ကျင့်ရေးသည် အဓိကကျသည်ကို တွေ့ရပြီး စစ်ရေးစွမ်းရည်ထက်မြက်၍ တိုက်ပွဲတိုင်းအောင်မြင်ရေးအတွက် လေ့ကျင့်ရေးကို ဖိဖိစီးစီးလုပ်ရန် လိုကြောင်း၊ အလားတူ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အမြဲမပြတ်လေ့လာရန် လိုအပ်ပြီး ခေတ်မီတိုးတက်လာသည့် စစ်လက်နက်များ၊ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများအား လေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း။

သင်တန်းသားများ အနေဖြင့် အဆင့်နှင့်လျော်ညီအောင် နေထိုင်၍ ရိုးသားစွာ ကြိုးစားမှုဖြင့် ယှဉ်ပြိုင်သွားရန် မှာကြားလိုကြောင်း၊ သင်တန်းသားတိုင်း နံပါတ်တစ် ဖြစ်မလာနိုင်သော်လည်း နံပါတ်တစ်ဖြစ်ခွင့်အားလုံးတွင် ရှိကြောင်း၊ ထို့ကြောင့် ထူးချွန်၊ သာမန်အထက်၊ သာမန်အမြင့်၊ သာမန် သတ်မှတ်ထားသဖြင့် မိမိတို့၏ကြိုးစားအားထုတ်မှုအလိုက် သတ်မှတ်အဆင့်ကို ရရှိမည်ဖြစ်ပြီး နည်းပြများအနေဖြင့်လည်း တော်တည့်မှန်ကန်၍ ညီညွတ်မျှတစွာ အုပ်ချုပ်သင်ကြားပေးရန် လိုကြောင်း၊ အရည်အချင်းသတ်မှတ်ချက်နှင့် ပတ်သက်၍ ပင်ကိုအရည်အချင်းနှင့်စိတ်ဓာတ်ကိုမြင်အောင် ကြည့်၍ အကဲဖြတ်ကာ မှန်ကန်သော အဆင့်သတ်မှတ်ပေးနိုင်ရန် လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှေ့တန်းစစ်မျက်နှာတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်ဆင်ရေးထူးချွန်မှုဖြင့် တစ်ဆင့်မြှင့်ရာထူးဖြင့် ဂုဏ်ပြုခံရပြီး သင်တန်းတက်ရောက်ခွင့် ရရှိခဲ့သည့် သင်တန်းသားအရာရှိကြီး နှစ်ဦးအား ချီးကျူးဂုဏ်ပြုစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းနည်းပြ အရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဦးအောင်ဇေယျစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့အရှေ့ဘက် အောင်မြေရိပ်သာအုပ်စု အောင်မြေရိပ်သာကျေးရွာအနီး အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့သော ဦးအောင်ဇေယျစေတီတော်မြတ်ကြီးသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးဘေးကြောင့် ပြိုကျပျက်စီးခဲ့ရာ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြူကြူလှတို့၏ လမ်းညွှန်ချက်အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ရဲဝင်းဦးနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နီလာတို့ဦးဆောင်သော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ စေတနာရှင် ဒေသခံအလှူရှင်များ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ရေးမူမပျက် အောင်မြင်စွာတည်ဆောက်ပူဇော်နိုင်ခဲ့ပြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက နေမျိုးနွယ်ကျောင်းတိုက်ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ဦးအောင်ဇေယျစေတီတော် ပုံတော်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကိုပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်၍ မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ ရွှေထီးတော်တင်လှူပူဇော်ပြီး အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။



ထို့နောက် သံဃာတော်အရှင်သူမြတ်များက ဦးအောင်ဇေယျစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးအခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်လွှဲအပ်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး မေ ၂၀**

ကျောက်ဆည်မြို့နယ်ရှိ အရှေ့ငယ်တိုးအခြေခံပညာအလယ်တန်းကျောင်းတွင် 100 Schools Project မှ လှူဒါန်းသည့် ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှာစကား ပြောကြားပြီး 100 Schools Project မှ မန္တလေးမြို့ ပန်းချီဆရာကြီး ဦးစိန်မြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ 100 Schools Project မှ တာဝန်ရှိသူက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောက်ဆည်ခရိုင်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အရှေ့ငယ်တိုးအခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၅၀၀ စုံပေးအပ်ပြီး ကျောင်းသားကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး ကျိုင်းတုံမြို့နယ် သမဝါယမစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ပန်လင်ကျေးရွာသို့ သွားရောက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ပေ ၃၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

**အသင်းသားများနှင့်တွေ့ဆုံ**

ထို့နောက် မိုင်းဇင်းကျေးရွာအုပ်စု ဟွေခါးကျေးရွာ၌ ရွှေလားဟူ စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းမှ အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံ၍ သမဝါယမကဏ္ဍကို မဏ္ဍိုင်ပြု၍ ဒေသထွက် ကုန်ကြမ်းများကို အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်နိုင်ရေး တိုးမြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှု**

ယင်းနောက် ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစုမှ ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူရေးကန်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေး



**မော်လမြိုင် မေ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေး ဂရုပြုလိုက်နာဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ် ၁၁၅ စင်းအတွက် မှတ်ပုံတင်လက်မှတ်များကို ဒေသခံပြည်သူများထံ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂၀**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကုန်ကြမ်း ဝါသီးနှံထုတ်လုပ်မှုအကျိုးအမြတ်အား လေ့လာခြင်း

**မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပြီး ပြည်ပပို့ကုန် ပိုမိုတင်ပို့ရေး၊ သွင်းကုန်အစားထိုး ထုတ်လုပ်ရေးတို့ကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။**

သိဂီမြင့်(YAU)

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်ဝါကို မြန်မာမင်းများ လက်ထက်ကပင် စိုက်ပျိုးခဲ့ကြပြီး ပြည်ပသို့ တင်ပို့နိုင်ခဲ့သော ပို့ကုန်သီးနှံတစ်မျိုးဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ရောင်းချနေရသည့် သီးနှံဖြစ်သည်။ သဘာဝချည်မျှင်လုပ်ငန်း အခြေခံအသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးအပါဆုံး စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်နေသည့် ဝါစိုက်ကေများမှ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရွှေတောင်-၁၀ ဝါစိုက်ခင်း။

**ဝါသီးနှံကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးနိုင်ပြီး မိုးကြိုရာသီတွင် ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း၊ မိုးရာသီတွင် မေလလယ်မှ ဇွန်လကုန်အတွင်း မိုးနှောင်းရာသီတွင် ဇူလိုင်လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုးလေ့ရှိသည်။ ဝါသီးနှံတစ်ကေလျှင် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ သတ်မှတ်ထားပြီး ဝါသီးနှံစိုက်ပျိုးရေးဇုန်အလိုက် အားပေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်းမှ မျိုးကောင်းမျိုးသန့်များမှာ တစ်ကေလျှင် ပိဿာ ၇၀၀ - ၈၀၀ မှသည် ပိဿာ ၁၀၀၀ အထိ ထွက်ရှိနိုင်သော်လည်း တောင်သူများအနေဖြင့် စိုက်နည်းအဆင့်ဆင့်တွင် မှန်ကန်အောင် ပြုလုပ်ကြရန် လိုအပ်ပါသည်။**

မြန်မာနိုင်ငံ၏ အဓိကဝါစိုက်ပျိုးသော ဒေသများတွင် တောင်သူများ အဓိက စိုက်ပျိုးကြသော ဝါမျိုးများ၏ အားနည်းချက်၊ အားသာချက်များ၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အကျိုးအမြတ်တို့ကို သိရှိနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသီးနှံဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနတို့ ပူးပေါင်း၍ **"ဝါသီးနှံ ထုတ်လုပ်မှု၊ အကျိုးအမြတ်နှင့် ရောင်းချမှု ကွင်းဆက်ကို လေ့လာခြင်း"** သုတေသနကို မြန်မာနိုင်ငံ၏ အဓိက ဝါစိုက်ပျိုး ထုတ်လုပ်သည့်ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အတွင်းရှိ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များတွင် လေ့လာခဲ့ပါသည်။

မိတ္ထီလာခရိုင်တွင် တောင်သူများ အဓိက စိုက်ပျိုးသော ဝါမျိုးသုံးမျိုးမှာ ရွှေတောင်-၁၀၊ ရွှေတောင်-၈ နှင့် ရာကာတို့ဖြစ်သည်။ အများဆုံး စိုက်ပျိုးကြသော ဝါမျိုးဖြစ်သည့် ရွှေတောင်-၁၀ ကို စိုက်ပျိုးရခြင်း၏ အားသာချက် ခုနစ်ချက်မှာ (၁)မျိုးစေ့ကုန်ကျစရိတ်နည်းခြင်း၊ (၂)ဝါအထွက်နှုန်းကောင်းခြင်း၊ (၃) ထွက်ရှိသော ဝါအရည်အသွေးကောင်းခြင်း၊ (၄) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ (၅)ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း၊ (၆)ရိတ်သိမ်းခူးဆွတ်ရလွယ်ကူခြင်းနှင့် (၇)သွင်းအားစုကုန်ကျစရိတ်နည်းခြင်းတို့ ဖြစ်ကြပါသည်။

ဒုတိယအများဆုံးစိုက်ပျိုးကြသော ဝါမျိုးဖြစ်သည့် ရွှေတောင် - ၈ ကို စိုက်ပျိုးရခြင်း၏ အားသာချက် ခြောက်ချက်မှာ (၁)မျိုးကောင်းမျိုးသန့် လွယ်ကူစွာရရှိခြင်း၊ (၂)ဝါအထွက်နှုန်းကောင်းခြင်း၊ (၃) ထွက်ရှိသော ဝါအရည်အသွေးကောင်းခြင်း၊ (၄) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ (၅) ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်းနှင့် (၆)ရိတ်သိမ်းခူးဆွတ်ရလွယ်ကူခြင်းတို့ ဖြစ်ကြပါသည်။

တတိယအများဆုံးစိုက်ပျိုးကြသော ဝါမျိုးဖြစ်သည့် ရာကာကို စိုက်ပျိုးရခြင်း၏ အားသာချက် သုံးချက်မှာ (၁) စိုက်ပျိုးကုန်ကျစရိတ်နည်းခြင်း၊ (၂) ဝါအထွက်နှုန်းကောင်းခြင်းနှင့် (၃)ဝါအရည်အသွေးကောင်းခြင်းတို့ဖြစ်သည်။ သို့ဖြစ်ပါ၍ လေ့လာခဲ့သော အချက်အလက်များအရ တောင်သူများအတွက် အားသာချက်အများဆုံးမျိုးမှာ ရွှေတောင်-၁၀ ဖြစ်ပါသည်။

ရွှေတောင်-၈ မျိုး၏ အားနည်းချက်သုံးချက်မှာ (၁)အထွက်နည်းခြင်း၊ (၂)ပိုးမွှားဒဏ်မခံနိုင်ခြင်းနှင့် (၃)အရည်အသွေးမကောင်းခြင်းတို့ဖြစ်ပြီး ရာကာမျိုး၏ အားနည်းချက်သုံးချက်မှာ (၁)အထွက်နည်းခြင်း၊ (၂)ရောဂါပိုးမွှားဒဏ်မခံနိုင်ခြင်းနှင့် (၃)ရာသီဥတုဒဏ်မခံနိုင်ခြင်းတို့ ဖြစ်ကြပါသည်။ သို့ရာတွင် တောင်သူများမှ ရွှေတောင်-၁၀ ၏ အားနည်းချက်များအား ဖြေကြားထားခြင်းမရှိပါ။

လေ့လာမှုများကို အခြေခံ၍ မိတ္ထီလာခရိုင် မြို့နယ်လေးမြို့နယ်တွင် အဓိက စိုက်ပျိုးကြသော ဝါမျိုးများ(ရွှေတောင်-၁၀၊ ရွှေတောင်-၈ နှင့် ရာကာ) ၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အသီးသီး၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR)တို့အား နှိုင်းယှဉ်လေ့လာမှုကို ဇယား(၁)တွင် ဖော်ပြထားပါသည်။

ရွှေတောင်-၁၀ ၏ ပျမ်းမျှ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး(BCR)မှာ ၂ ဒသမ ၉၃ ဖြစ်သည်။ BCR အများဆုံးမှာ ၁၂ ဒသမ ၆၇ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ငွေကျပ် ၁၁ ဒသမ ၆၇ သိန်းထိ အကျိုးအမြတ်ရှိသည်ကို တွေ့ရသည်။ ရွှေတောင်-၈ ၏ ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး(BCR)မှာ ၂ ဒသမ ၅၈ ဖြစ်သည်။ (BCR) အများဆုံးမှာ ၇ ဒသမ ၄၃ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ကျပ် ၆ ဒသမ ၄၃ သိန်း အမြတ်ရရှိကြောင်း လေ့လာခဲ့ရသည်။

ရာကာ၏ ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး(BCR)မှာ ၂ ဒသမ ၈၉ ဖြစ်သည်။ BCR အများဆုံးမှာ ၁၀ ဒသမ ၄၁ ဖြစ်၍ တစ်ကေလျှင် ကျပ်တစ်သိန်းရင်းပါက ကျပ် ၉ ဒသမ ၄၁ သိန်း အမြတ်ရရှိပါသည်။ သို့ဖြစ်၍ လေ့လာခဲ့သောဒေသတွင် အစိုက်အများဆုံး ဝါမျိုးသုံးမျိုးအနက် ရွှေတောင်-၁၀ သည် ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အများဆုံးဖြစ်ပြီး ရွှေတောင်-၈ သည် ပျမ်းမျှအကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) အနည်းဆုံးဖြစ်သည် (ဇယား ၁)။

နမူနာတောင်သူများ လက်ခံထားသော ဝါသီးနှံစိုက်ပျိုးရခြင်း၏ အားသာချက်များမှာ ရာသီဥတုပြောင်းလဲမှုခံနိုင်ရည်ရှိခြင်း၊ အခြားသီးနှံထက် အမြတ်ပိုမိုရရှိခြင်း၊ မျိုးကောင်းမျိုးသန့် အလွယ်တကူရရှိခြင်း၊ အခြားသီးနှံထက် ဈေးကွက်ခိုင်မာခြင်း၊ ရေလိုအပ်မှုနည်းခြင်း၊ သီးနှံစိုက်ပျိုးမှုပုံစံပြောင်းလဲလာခြင်း၊ မိရိုးဖလာစိုက်ပျိုးခြင်း၊ အခြားသီးနှံထက် ကုန်ကျစရိတ်နည်းပါးခြင်း၊ သီးနှံစိုက်ပျိုးရာတွင် လုပ်အားလိုအပ်ချက်နည်းခြင်း တို့ဖြစ်ပါသည်။

**ဝါသီးနှံစိုက်ပျိုးရခြင်း၏ အဓိကအဟန့်အတားများမှာ ခိုင်မာသောကြမ်းခင်း ဈေးနှုန်း သတ်မှတ်ရန်လိုအပ်ခြင်း၊ ချေးငွေလုံလောက်စွာမရရှိခြင်း၊ ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း၊ သွင်းအားစု ကုန်ကျစရိတ်များခြင်းနှင့် အလုပ်သမားရှားပါးခြင်းတို့ဖြစ်ပါသည်။**

စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသီးနှံဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနတို့ ပူးပေါင်းလေ့လာမှုများကို အခြေခံ၍ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန်အတွက် ဝါသီးနှံမျိုးစေ့နှင့် စိုက်ပျိုးသွင်းအားစုဆိုင်ရာ အကြံပြုချက်များမှာ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသော ဝါမျိုးစေ့များကို အကျိုးတူလယ်ယာစနစ်(Contract farming)ဖြင့် ထုတ်လုပ်ရန်၊ သွင်းရေရရှိရန် ပံ့ပိုးပေးရန်၊ ထွန်စက်များ၊ ဝါကြိတ်စက်များ အစရှိသည်တို့ကို သင့်တော်သော နှုန်းထားများဖြင့် ငှားရမ်းပေးရန်၊ ဝါစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးခြင်း၊ သွင်းအားစုများ စနစ်တကျ အသုံးပြုရန်နှင့် သိပ္ပံနည်းကျ ဝါစိုက်ပျိုးခြင်းနည်းပညာများအား သင်ကြားလေ့ကျင့်ပေးခြင်းများ ပြုလုပ်ရန်၊ ဝါသုတေသနခြံများတွင် ပြည်တွင်းနှင့် နိုင်ငံခြားပညာရှင်များ ပူးပေါင်း၍ ဝါစပ်မျိုးထုတ်လုပ်ငန်းဆောင်ရွက်ရန်နှင့် ထွက်ရှိလာသော ဝါမျိုးကောင်းမျိုးသန့်များအား တောင်သူထံသို့ ရောက်အောင် ဖြန့်ဝေပေးရန်တို့ ဖြစ်ပါသည်။

ထို့အပြင် ဝါသီးနှံကဏ္ဍတွင် အရည်အသွေးမြင့် ချည်မျှင်များထုတ်လုပ်နိုင်သည့် ဝါအမျိုးအစားများကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ဈေးကွက်ဝယ်လိုအားနှင့် အရည်အသွေးအလိုက် ဈေးနှုန်းသတ်မှတ်ချက်များအား ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်နေသော ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍမှ သေချာသော အာမခံချက်များပေးရန် လိုအပ်ပါသည်။ ဝါသီးနှံထုတ်လုပ်မှုနှင့် ရောင်းချမှု ကွင်းဆက်တစ်လျှောက်လုံးအား လေ့လာသောသုတေသနများ ဆက်လက်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား တစ်ဧက အထွက်တိုးစေရန် တွန်းအားပေး ဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

- **ဝါသီးနှံတစ်ကေလျှင် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ သတ်မှတ်ထားပြီး ဝါသီးနှံစိုက်ပျိုးရေးဇုန်အလိုက် အားပေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်းမှ မျိုးကောင်းမျိုးသန့်များမှာ တစ်ကေလျှင် ပိဿာ ၇၀၀ - ၈၀၀ မှသည် ပိဿာ ၁၀၀၀ အထိ ထွက်ရှိနိုင်သော်လည်း တောင်သူများအနေဖြင့် စိုက်နည်းအဆင့်ဆင့်တွင် မှန်ကန်အောင် ပြုလုပ်ကြရန် လိုအပ်**
- **ဝါသီးနှံကဏ္ဍတွင် အရည်အသွေးမြင့် ချည်မျှင်များထုတ်လုပ်နိုင်သည့် ဝါအမျိုးအစားများကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ဈေးကွက်ဝယ်လိုအားနှင့် အရည်အသွေးအလိုက် ဈေးနှုန်းသတ်မှတ်ချက်များအား ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်နေသော ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍမှ သေချာသော အာမခံချက်များပေးရန် လိုအပ်**

**ဇယား(၁) အဓိကစိုက်ပျိုးသော ဝါမျိုးများ၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး**

| အကြောင်းအရာ | ပျမ်းမျှ | အနည်းဆုံး | အများဆုံး | ကွဲလွဲချက် |
|---|---|---|---|---|
| **ရွှေတောင်-၁၀ စိုက်ပျိုးသူ (၁၂၄ ဦး)** | | | | |
| အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး | ၂.၉၃ | ၀.၈၀ | ၁၂.၆၇ | ၁.၈၇ |
| **ရွှေတောင်-၈ စိုက်ပျိုးသူ (၅၂ ဦး)** | | | | |
| အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး | ၂.၅၈ | ၀.၇၄ | ၇.၄၃ | ၁.၆၂ |
| **ရာကာစိုက်ပျိုးသူ (၃၄ ဦး)** | | | | |
| အကျိုးအမြတ်နှင့်ကုန်ကျစရိတ်အချိုး | ၂.၈၉ | ၀.၈၆ | ၁၀.၄၁ | ၁.၉၇ |

# ရေဝတီတိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**ပုသိမ် မေ ၂၀**

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများကို တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ပုသိမ်မြို့ ရေဝှေ့ဝါခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်းသိကောင်းစရာများ၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ သိကောင်းစရာများ၊ တင်ဒါအောင်မြင်သည့်လုပ်ငန်းများအတွက် အခွန်ကျသင့်မှုများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကော့သောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲတက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကော့သောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်သည်တော်ကြီးများအနေဖြင့် မိမိတို့ ရပ်ရွာအေးချမ်းသာယာရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၏ အရန်အင်အားစုတစ်ရပ်အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး ကော့သောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံတွင် ပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး လူနာများအားအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မေ ၂၀**

လွိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော် ကြည့်ရှုအားပေးသည်။

ဦးစွာ ဒေါဆန်းဘွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ရွာတန်းရှည်ရပ်ကွက် အမှတ် (၇) အခြေခံပညာမူလတန်းကျောင်းနှင့် မိုင်းလုံး (ခ)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းများ၌ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ စာသင်ကြားနိုင်ရေး၊ မှာကြားသည်။

ထို့နောက် ကျောင်းအပ်နှံရေး ရက်သတ္တပတ် အကြိုလှုပ်ရှားမှုအဖြစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး လှုံ့ဆော်အသိပညာပေးလက်ကမ်းစာစောင်များကို သီရိမင်္ဂလာဈေးနှင့် လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ် ဒုံရင်းတိုက်နယ်၌ ကရင်စာပေနှင့် ယဉ်ကျေးမှု သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်

**ဘားအံ မေ ၂၀**

(၃) ကြိမ်မြောက် မြို့နယ်အဆင့် ကရင်စာပေနှင့်ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့နယ် ဒုံရင်းတိုက်နယ်အောက် ရေတံခွန်ကျောင်းတိုက်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းကျင်းပရေးကော်မတီသို့ ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းပွဲတွင် ဒုံးအကအကြိုးစားဆုံးဆုများ၊ ဒုံးအက ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသည့် ကျေးရွာများ၊ သင်တန်းစည်းကမ်းရှိမှု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကျေးရွာများကို လည်းကောင်း၊ ယဉ်ကျေးမှုတံခွန်စိုက်ဆု၊ စာပေတံခွန်စိုက်ဆုနှင့် သင်တန်းဘက်စုံတံခွန်စိုက်ဆု ရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ယင်းနောက် ဒုံးအက ပထမဆုရရှိသည့်အဖွဲ့က ဒုံးအကဖြင့် ကပြဖျော်ဖြေရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စုရှိ ဒုံးရင်းသဘာဝစမ်းရေတံခွန်တွင် တင်ဒါအောင် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော အလျားပေ ၁၅၀၊ အနံ ၈၈ ပေ၊ အမြင့် ငါးပေရှိ ရေတံခွန်စတုတ္ထ ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်သော ရေတံခွန်ပဉ္စမကန်စေတီကုန်းလူကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ ရွှေတိဂုံစေတီတော်နှင့် အာကာသပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၀**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ



သည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တောင်ဘက်မုခ်၌ စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ သာသနိက အဆောက်အအုံများအား ကြည့်ရှုလေ့လာခြင်း၊ ဓာတ်ပုံပြခန်းအား ကြည့်ရှုလေ့လာခြင်းနှင့် မြန်မာ့ဗိသုကာအနုလက်ရာများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြသည်။


ဆက်လက်ပြီး စခန်းပေါင်းစုံမှ ရေကြောင်းလူငယ်သင်တန်းသားသင်တန်းသူများသည် အာကာသပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် သင်တန်းသားသင်တန်းသူများက အာကာသပြတိုက်အတွင်းရှိ GOTO Planetarium Analog projection System အား လေ့လာပြီး ပြခန်းအမှတ်(၁) Deep Space Exploration ပြခန်း၊ ပြခန်းအမှတ်(၂) အာကာသစခန်းပြခန်း၊ ပြခန်းအမှတ်(၃) ခရုပတ်ပုံစံပြခန်း၊ ဒုံးပျံလွှတ်တင်မှုသရုပ်ပြပုံစံ၊ Reentry Capsule အာကာသယာဉ်ပုံစံနှင့် VR Simulator ပုံစံတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ယင်းနောက် PLANETARIUM ROOM ပင်မ ပြခန်းဆောင်တွင် သိပ္ပံပညာနှင့် အာကာသဆိုင်ရာ ရှာဖွေတွေ့ရှိချက် များစွာကို အသက်ဝင် လှုပ်ရှားနေသည့် ပုံရိပ်များအဖြစ် ပြကွင်းပြကွက်များ ပြသခဲ့ရာ သင်တန်းသား သင်တန်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးတင်ပြခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားများကို စိစစ်ထုတ်လုပ်၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့မှ စတင်ပြီး အဆင့်ဆင့်တိုးမြှင့် ထုတ်လုပ်ပေးခဲ့ရာ ယနေ့အချိန်အထိ နေ့စဉ် ယူနစ် ၁၀ သန်းခန့်အထိ တိုးမြှင့်ဖြန့်ဖြူး ပေးလျက်ရှိပါသည်။

**၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ အဆင့်လိုက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးနေမှုအခြေပြဇယား**




၂။ တိုးမြှင့်ရရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်များသို့ အချိုးကျတိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ နေ့စဉ် ယူနစ် (၅၉.၄) သန်း ဖြန့်ဖြူးပေးနေရာမှ ယူနစ် (၇၀) သန်းအထိ တိုးမြှင့်လာခြင်းဖြစ်ပါသည်။

၃။ လျှပ်စစ်သုံးစွဲမှု အမြင့်ဆုံးကာလများဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလနှင့် မေလတို့အတွက် ဖြန့်ဖြူးပေးနိုင်ခဲ့မှုကို ၂၀၂၅ ခုနှစ် ဧပြီလ၊ မေလတို့နှင့်နှိုင်းယှဉ်ပါက သိသာစွာ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

**၂၀၂၆ ခုနှစ်၊ ဧပြီလ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအား ၂၀၂၅ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ခြင်း**




**၂၀၂၆ ခုနှစ်၊ မေလ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအား ၂၀၂၅ ခုနှစ် မေလနှင့် နှိုင်းယှဉ်ခြင်း**




၄။ ပူပြင်းသည့် ယခုအချိန်အခါများတွင် သုံးစွဲမှုမှာ သိသာစွာတိုးမြှင့်လျက်ရှိသဖြင့် နေရာဒေသအလိုက် အလှည့်ကျ အချိန်ပိုင်းဝန်အားလျှော့ချ၍ ဆောင်ရွက်နေရပါသည်။ သို့ဖြစ်ရာ လျှပ်စစ်မီးပြန်လည်ပေးဝေသည့်အချိန်များတွင် တစ်ပြိုင်တည်း ရယူသုံးစွဲကြသဖြင့် Starting Load များမြင့်တက်ပြီး ဓာတ်အားပြတ်တောက်ခြင်းအပြင် မမျှော်မှန်းနိုင်သည့်အခြေအနေများဖြစ်သည့် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်းများ စသည့်အခြေအနေများကြောင့် အချိန်ပိုင်းဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေလျက်ရှိပါသည်။

၅။ ယင်းဖြစ်စဉ်များ လျော့နည်းပပျောက်သွားစေရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိနေပြီး ဒေသအလိုက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၏ ဝန်အားနိုင်နင်းမှုအပေါ် မူတည်ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရေး အဆင့်လိုက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ ပြည်သူ့ဆေးရုံကြီးများ၊ အရေးကြီးဌာနဆိုင်ရာများ၊ LNG ဖြင့် ဓာတ်အားရယူထားသော စက်မှုဇုန်များ၊ စီးပွားရေးလုပ်ငန်းများသို့ အချိန်ပြည့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားပြီး ရုံးပိတ်ရက်များတွင် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးလျက်ရှိပါသည်။

၇။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားပြုန်းတီးမှုမဖြစ်ပေါ်စေရေး တစ်ဦးချင်းအနေဖြင့် စနစ်တကျသုံးစွဲရန် လိုအပ်မည် ဖြစ်သကဲ့သို့ ရည်ရွယ်ချက်ရှိစွာ လျှပ်စစ်ဓာတ်အားပြုန်းတီးမှုဖြစ်ပေါ်စေရေး ဆောင်ရွက်နေမှုများကို တိကျစွာတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုရက်သတ္တပတ်အတွင်း တိုင်ကြားသူများ ကျေနပ်မှုရှိသည်အထိ ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းဖြင့် ပြည်သူများ ဓာတ်အားတိုးမြှင့်ရရှိစေလျက်ရှိပါသည်။

၈။ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းလာခြင်းဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ပိုမိုရရှိလာကြမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားစနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် ပြည်သူများ နစ်နာစေမှုများ တွေ့ရှိရပါက ဖော်ပြပါ Call Center များသို့ အကြံပြုခြင်း၊ တိကျစွာ တိုင်ကြားခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်-

- ❖ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)** – ၀၆၇-၃၄၁၀၀၇၂
- ❖ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)** – ၁၇၁၇
- ❖ **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC)** – ၁၆၁၆၊ ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot line)
- ❖ **ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ** – ဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော http://www.moep.gov.mm တွင် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ရယူ၍ဆက်သွယ်နိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၀**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် မိုးဗြဲဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးဗြဲမြို့ရှိ နယ်မြေခံတပ်ရင်း၌ လည်းကောင်း၊ ကယားပြည်နယ်အတွင်း ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့ရှိနယ်မြေခံ တပ်ရင်း၌လည်းကောင်း ယနေ့တွင် အသီးသီးကျင်းပပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။



တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ်အတွင်း နှွေစပါးရိတ်သိမ်းမှုအား တာဝန်ရှိသူများ ကြည့်ရှု

**သာယာဝတီ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်)စီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် ကျွန်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ သမဝါယမအသင်းသားတောင်သူ ၄၄ ဦး၏ အောင်နိုင်တိုးစပါး ၁၆၁ ဧကနှင့် ရေဆင်းပေါ်ဆန်း-၂ စပါးဧက ၅၀ စိုက်ပျိုးထားရှိများအနက် အသင်းသားတောင်သူ ဦးစောထွန်းထွန်းဦး၏ ရေဆင်းပေါ်ဆန်း-၂ မျိုးစေ့ထုတ်စပါး ရိတ်သိမ်းမှုအခြေအနေကို စနစ်ကျသော စိုက်ပျိုးရေးစနစ်ဖြစ်စေရေးအတွက် သာယာဝတီခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့်ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေး ပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ် ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ <u>အခမဲ့ထောက်ပံ့မှုများမှာ</u>

(က) သူငယ်တန်း (KG)

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်း အက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ (၁)စုံ

(ခ) ပထမတန်း (Grade 1)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံ မွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့ နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့ နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့ နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ(၂) ချောင်း

(ဋ) ဒသမတန်း (Grade 10)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာ ကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပ ဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝ တွက်တာ ကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

# AI ပြိုင်ဆိုင်မှု ပြင်းထန်လာချိန်တွင် ဂူဂဲလ်က Gemini AI အေးဂျင့်သစ် လုပ်ဆောင်ချက်များ မိတ်ဆက်

**ဝါရှင်တန် မေ ၂၀**

အမေရိကန် နည်းပညာကုမ္ပဏီကြီးဂူဂဲလ်က ၎င်း၏ Gemini AI အေးဂျင့်လုပ်ဆောင်ချက်များကို အဆင့်မြှင့်တင်ကာ သုံးစွဲသူတစ်ဦးချင်းစီထံ တိုးချဲ့ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ကမ္ဘာတစ်ဝန်း AI ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာချိန်၌ ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လူတိုင်းအဆင်ပြေစွာ အသုံးပြုနိုင်ရန် AI အေးဂျင့်များ၏ စွမ်းဆောင်ရည်ကို ဘေးကင်းလုံခြုံသည့် နည်းလမ်းဖြင့် သုံးစွဲသူများထံ ပို့ဆောင်ပေးနိုင်ရေးကို အထူးအာရုံစိုက်ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဆန်ဒါပီချိုင်းက ပြောကြားခဲ့သည်။

Developer များအတွက် ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပပြုလုပ်သည့် နှစ်ပတ်လည် နည်းပညာမိတ်ဆက်ညီလာခံတွင် Gemini AI အေးဂျင့်၏ ပြောင်းလဲတိုးတက်မှုများကို ဂူဂဲလ်က ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။ ခေတ်မီ AI အေးဂျင့်သစ်သည် လုပ်ငန်းတာဝန်အမျိုးမျိုးကို အလိုအလျောက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ ပြောကြားချက်အရ AI အေးဂျင့်သစ်သည် သုံးစွဲသူ၏ ခွင့်ပြုချက်ဖြင့် အက်ပလီကေးရှင်းအများအပြားမှ အချက်အလက်များကို တစ်နေ့တာလုံး စုဆောင်းနိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းများ ဖန်တီးခြင်းနှင့် ပေးပို့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် Gemini သည် ကလေးများ၏ကျောင်းများမှ နောက်ဆုံးရသတင်းအချက်အလက်များကို အလိုအလျောက်စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး အရေးကြီးသည့် အကြောင်းအရာအလိုက် သတ်မှတ်ရက်များကို ခွဲခြားထုတ်ယူကာ စုစည်းထားသော နေ့စဉ်မှတ်တမ်းများကို မိသားစုဝင်များထံ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် AI အေးဂျင့်သစ်သည် လစဉ်ခရက်ဒစ်ကတ် ထုတ်ပြန်ချက်များကို စိစစ် ပိုင်းခြားနိုင်မည်ဖြစ်ပြီး လစဉ်ကြေး၊ နှစ်စဉ်ကြေးအသစ်များ သို့မဟုတ် လျို့ဝှက်စာရင်းသွင်းထားသည့် ငွေကြေးစာရင်းများကိုလည်း သတိပေးနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီက ဆိုသည်။

လာမည့်သီတင်းပတ်မှ စတင်၍ ဂူဂဲလ်သည် ၎င်း၏ အခကြေးငွေပေးသွင်းအသုံးပြုသူများအတွက် AI အေးဂျင့်သစ်ကို စတင်မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်သော သုံးစွဲသူများထံ တိုးချဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။



လက်ရှိအချိန်တွင် AI အေးဂျင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်၌ ပြိုင်ဆိုင်မှုများ ပြင်းထန်လျက်ရှိပြီး OpenAI နှင့် Anthropic တို့အပါအဝင် နည်းပညာကုမ္ပဏီများကလည်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ဩစတြေးလျ၌ ဆုံဆို့ရောဂါကူးစက်မှုမြင့်တက်လာသဖြင့် အရေးပေါ်ကျန်းမာရေး ထောက်ပံ့နိုင်ရန် ပြင်ဆင်

**ကန်ဘာရာ မေ ၂၀**

ဩစတြေးလျနိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆုံဆို့ရောဂါကူးစက်ခံရသူ ၂၂၀ ကျော် စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အရေးပေါ်ကျန်းမာရေးထောက်ပံ့မှုအစီအစဉ်တစ်ရပ်ကို ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

### အကြီးမားဆုံးရောဂါကူးစက်မှုဖြစ်

ကျန်းမာရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ယခုဖြစ်ပွားနေသော ဆုံဆို့နာရောဂါ ကူးစက်ပြန့်ပွားမှုမှာ ဆယ်စုနှစ်များစွာအတွင်း ဩစတြေးလျနိုင်ငံ၌ အကြီးမားဆုံး ရောဂါကူးစက်ဖြစ်ပွားမှုတစ်ခုဖြစ်ကြောင်း သိရသည်။

### အဆ ၃၀ ခန့် မြင့်တက်လာ

ဩစတြေးလျကျန်းမာရေးဝန်ကြီး မာ့ခ်ဘတ်လာက မေ ၂၀ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဆုံဆို့နာရောဂါကူးစက်မှုတစ်ဟုန်ထိုးမြင့်တက်လာခြင်းမှာ အလွန်စိုးရိမ်ဖွယ်ဖြစ်ကြောင်းနှင့် မကြာသေးမီနှစ်များအတွင်း ပျမ်းမျှဖြစ်ပွားမှုနှုန်းထက် အဆ ၃၀ ခန့် မြင့်တက်လာကြောင်း ပြောကြားခဲ့သည်။

### ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံနိုင်ရေး မြှင့်တင်

ဖက်ဒရယ်အစိုးရသည် အထူးသဖြင့် ရောဂါကူးစက်မှုဖြစ်ပွားနေသည့် ဝေးလံခေါင်သီဒေသများတွင် ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံနိုင်ရေးကို မြှင့်တင်ရန်နှင့် ထပ်ဆောင်းကျန်းမာရေးလုပ်သားများ ဖြန့်ကြက်ချထားနိုင်ရန် ပြည်နယ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အသက်အန္တရာယ်ဆုံးရှုံးနိုင်

ဆုံဆို့နာရောဂါသည် ကူးစက်နိုင်စွမ်းမြင့်မားသော ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသည့်ရောဂါတစ်မျိုးဖြစ်ပြီး ပြင်းထန်သည့်အခြေအနေများတွင် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာလိမ်လည်မှုကြောင့် ဂျပန်အမျိုးသားတစ်ဦး ကန်ဒေါ်လာ ၅ ဒသမ ၄ သန်းခန့် ဆုံးရှုံး

**တိုကျို မေ ၂၀**

ဂျပန်နိုင်ငံ အိုက်ချီစီရင်စုတွင် အသက် ၈၀ ကျော်အရွယ် အမျိုးသားတစ်ဦးသည် အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုတစ်ခုအတွင်း ယန်းသန်းပေါင်း ၈၇၀ ခန့် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းခန့်) တန်ဖိုးရှိ ပိုင်ဆိုင်မှုများ လိမ်လည် လှည့်ဖြားခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ လိမ်လည်ခံရသူ အမျိုးသားသည် ယခုနှစ်အတွင်း လူသိများထင်ရှားသူတစ်ဦးပါဝင်သည့် အွန်လိုင်းကြော်ငြာတစ်ခုမှတစ်ဆင့် အဖွဲ့တစ်ဖွဲ့၏ ဆိုရှယ်မီဒီယာအကောင့်သို့ ဝင်ရောက်ခဲ့ပြီး လိမ်လည်သူများက သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အက်ပလီကေးရှင်းတစ်ခုကို ၎င်း၏ မိုဘိုင်းဖုန်းတွင် ထည့်သွင်းအသုံးပြုရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ယင်းအက်ပလီကေးရှင်းအတွင်းတွင် ၎င်းအနေဖြင့် အမြတ်အစွန်းများ ရရှိနေသည့်ပုံစံကို ဖော်ပြထားသည်။ ထို့ပြင် လိမ်လည်ခံရသူသည် ညွှန်ကြားချက်များအတိုင်း အွန်လိုင်းမှတစ်ဆင့် ငွေသားများ လွှဲပြောင်းပေးခဲ့သည့်အပြင် ရွှေများကိုလည်း ကိုယ်တိုင်လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ဆိုသည်။

နောက်ပိုင်းတွင် ငွေထုတ်ယူ၍ မရနိုင်တော့ကြောင်း သိရှိလာသဖြင့် ရဲတပ်ဖွဲ့ထံ ဆက်သွယ်တိုင်ကြားခဲ့ရာ ရဲတပ်ဖွဲ့က ယင်းဖြစ်စဉ်ကို လိမ်လည်လှည့်ဖြားမှုအဖြစ် စုံစမ်းစစ်ဆေးလျက်ရှိပြီး ဆိုရှယ်မီဒီယာများမှတစ်ဆင့် မိတ်ဆက်လာသည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အထူးသတိထားကြရန်နှင့် ယုံကြည်စိတ်ချရမှု မသေချာသော အွန်လိုင်းရင်းနှီးမြှုပ်နှံမှုများကို ရှောင်ကြဉ်ကြရန် ပြည်သူများအား သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကယ်လီဖိုးနီးယားတောင်ပိုင်း၌ တောမီးလောင်မှုကြောင့် ဒေသခံ ၁၇၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**လော့အိန်ဂျလိစ် မေ ၂၀**

ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း ဗန်တူရာဒေသတွင် အလွန်လျင်မြန်စွာ လောင်နေသည့် တောမီးကို ငြိမ်းသတ်ရန် မီးသတ်သမား ၇၅၀ ကျော်ဖြင့် ကြိုးပမ်း ဆောင်ရွက်နေကြပြီး ဒေသခံ ၁၇၀၀၀ ကျော်အား မေ ၁၉ ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

Sandy Fire ဟု အမည်ပေးထားသည့် တောမီးမှာ မေ ၁၈ ရက် နံနက်ပိုင်းက လော့စ်အိန်ဂျလိစ်မြို့၏ အနောက်မြောက်ဘက် ၄၈ ကီလိုမီတာအကွာရှိ Simi Valley မြို့တွင် စတင်လောင်ခဲ့ခြင်း ဖြစ်သည်။ Simi Valley မြို့ရဲဌာန၏ ပြောကြားချက်အရ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် မြေရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်နေစဉ် ထွန်စက်ယာဉ်တစ်စီးက ကျောက်တုံးနှင့် ထိမိရာမှ မီးပွားများ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။ ယင်းမီးပွားများသည် အနီးဝန်းကျင်ရှိ ခြောက်သွေ့နေသော ချုံများသို့ ကူးစက်လောင်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



စိုထိုင်းဆနည်းပါးမှုနှင့် မြေမျက်နှာသွင်ပြင်အရ ဖြစ်ပေါ်လာသည့် လေပြင်းတိုက်ခတ်မှုကြောင့် တောမီးမှာ လျင်မြန်စွာ ပျံ့နှံ့ခဲ့ပြီး ၁၃၈၅ ဧကခန့် မီးလောင်ခဲ့သည်။ မေ ၁၉ ရက် နံနက်ပိုင်းအထိ တောမီးလောင်ကျွမ်းမှု၏ ငါးရာခိုင်နှုန်းခန့်ကိုသာ ငြိမ်းသတ်နိုင်သေးကြောင်း သိရသည်။

ဆင်ခြေဖုံး ဒေသများတွင် နေထိုင်သူများအား ကာကွယ်နိုင်ရန်အတွက် မြေပြင်နှင့် ဝေဟင်မှ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက ဆောင်ရွက်ခဲ့ကြသည်။

Simi Valley မြို့ရှိ အစိုးရစာသင်ကျောင်းများ စီမံခန့်ခွဲရေးဌာနကလည်း မေ ၁၉ ရက်အတွက် စာသင်ချိန်အားလုံးကို ပိတ်ပေးခဲ့သည်။ ထို့ပြင် ဗန်တူရာနှင့် လော့စ်အိန်ဂျလိစ် ဒေသများအတွက် လေထုအရည်အသွေးဆိုင်ရာ သတိပေးချက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ထားသည်။ ထူထပ်သော မီးခိုးငွေ့များသည် ဒေသအနှံ့ လွှမ်းခြုံနေပြီး ဒေသခံများက တောမီးအား အမြန်ဆုံးထိန်းချုပ်နိုင်ရေး မျှော်လင့်နေကြကြောင်း သိရသည်။

**ဆင်ဟွာ**

## အီဘိုလာရောဂါကြောင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့်ယူဂန်ဒါနိုင်ငံမှ ခရီးသွားများအား ဂျော်ဒန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်

**အမ္မန် မေ ၂၀**

အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှ ခရီးသွားများအား ဂျော်ဒန်နိုင်ငံသို့ ဝင်ရောက်ခွင့် ယာယီပိတ်ပင်ထားကြောင်း ဂျော်ဒန်အစိုးရက မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။

သို့ရာတွင် အဆိုပါနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့် ဂျော်ဒန်နိုင်ငံသားများအတွက်မူ ခြွင်းချက်ထားရှိကြောင်း ဂျော်ဒန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါအမိန့်သည် မေ ၂၀ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ရက်ပေါင်း ၃၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအခြေအနေများကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၁၃၆ ဦးအထိရှိလာပြီးနောက် ယင်းရောဂါအခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။ သို့သော် အီဘိုလာရောဂါသည် နိုင်ငံတွင်းနှင့် ဒေသတွင်းတွင် ကူးစက်ပျံ့နှံ့နိုင်ခြေမြင့်မားနေသော်လည်း ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ရန်မလိုအပ်သေးကြောင်း WHO က မေ ၂၀ ရက်တွင် ထပ်မံကြေညာခဲ့သည်။

**ဆင်ဟွာ**



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု နေရာပြမြေပုံ။

❍ *ကျောဖုံးမှ*

ဖျက်ဆီးပြီး အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ပျက်စီးစေရန်နှင့် ချင်းပြည်နယ်အား ၎င်းတို့စိတ်တိုင်းကျ အုပ်ချုပ်ခွင့်ရရှိရေး စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ရယူခြင်းမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ကာ PDF အမည်ခံ အကြမ်းဖက်သမားများကို အသုံးချလျက် ချင်းပြည်နယ်အတွင်းရှိမြို့များအား အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြရာ တွန်းဇံမြို့၌ မြို့လုံခြုံရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၄ ခုနှစ် မေ ၁၆ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူများ၏ နေအိမ်များ၊ ရုံးဌာနများနှင့် ဘာသာရေးအဆောက်အအုံများအား အကာအကွယ်ပြု၍ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးနှင့် ပြည်သူများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျဆုတ်ခွာခဲ့ကြရာ ၂၀၂၄ ခုနှစ် မေ ၂၃ ရက်တွင် တွန်းဇံမြို့အား အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် တွန်းဇံမြို့အား ယာယီစိုးမိုးထားစဉ် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရိုးသားအေးချမ်းစွာ နေထိုင်လျက်ရှိကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အကြောက်တရား လွှမ်းမိုးစေရန် ခြိမ်းခြောက် သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အကျိုးစီးပွားအတွက် လုပ်အားရယူခိုင်းစေခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်၍ သိမ်းဆည်းလုပ်ကိုင်ခြင်း၊ ကုန်စည်စီးဆင်းရာ ဆက်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုအခက်အခဲများ ဖြစ်ပေါ်ခဲ့ကာ စားသောက်ကုန်နှင့် လူသုံးကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်း၍ အကြမ်းဖက်မှုဒဏ်ကို ခါးသီးစွာခံစားကြရသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ အခက်အခဲ ဒုက္ခမျိုးစုံဖြင့် ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့အား ၂၀၂၆ ခုနှစ် ဧပြီ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဖလမ်းမြို့အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အပြင် နယ်မြေတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဖလမ်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တပ်မတော်အနေဖြင့် ဖလမ်း-သိုင်းငင်း-တီးတိန်-တွန်းဇံမြို့ ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဖလမ်းမြို့နှင့် တီးတိန်မြို့အကြားရှိ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရန် ဖလမ်းမြို့တွင် စနစ်တကျပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများခွဲ၍ ၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်မှ စတင်ချီတက်ရှင်းလင်းခဲ့ရာ သိုင်းငင်းလမ်းဆုံသို့ မေ ၂ ရက်တွင် ရောက်ခဲ့ကြောင်း၊ ကနေဒီတောင်အား မေ ၅ ရက်နေ့တွင် သိမ်းပိုက်ရရှိကာ မေ ၉ ရက်နေ့တွင် တီးတိန်မြို့သို့ ရောက်ရှိစုဖွဲ့ပြင်ဆင်ခဲ့ကြသည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့အားပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် တီးတိန်မြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ကာ ပွိုင့်-၁၅၀၄ တောင်ကုန်းအား မေ ၁၁ ရက်တွင် လည်းကောင်း၊ မောင်ကင်ရွာနှင့် တွာလ်မူးရွာအား မေ ၁၂ ရက်တွင် လည်းကောင်း၊ ဂမ်ငိုင်ရွာအား မေ ၁၄ ရက်တွင် လည်းကောင်း၊ လွမ့်ဇန်ရွာနှင့် ဗျာလ်ကျင်းရွာအား မေ ၁၆ ရက်တွင်လည်းကောင်း၊ တပ်ဇန်ရွာအား မေ ၁၇ ရက်တွင် လည်းကောင်း၊ တုံးထွေ ၚင်ရွာနှင့် ပွိုင့်- ၁၉၈၅ တောင်ကုန်းအား မေ ၁၉ ရက်တွင် လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် မေလ ၂၀ ရက် ယနေ့နေ့လယ်ပိုင်းတွင် CDF၊ CNA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား အပြီးတိုင် တိုက်ထုတ်၍ တွန်းဇံမြို့အား အလုံးစုံ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်၏ တိုက်စစ်အဟုန်ကြောင့် ရှုံးနိမ့်၍ ဆုတ်ခွာထွက်ပြေးသော CDF ၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဆုတ်ခွာထွက်ပြေးစဉ် ဒေသအကျိုးစီးပွားပျက်စီးစေရန် ရည်ရွယ်ကာ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများက တွန်းဇံမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ခြောက်ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း နှစ်လောင်း၊ လက်နက်မျိုးစုံ ငါးလက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ တွန်းဇံမြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရအုပ်ချုပ်မှု ယန္တရားများ အမြန်ဆုံး လည်ပတ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ဆေးရုံ/ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး စသည့် မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံ တိုင်းရင်းသားများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာ ခံစားခဲ့ရသည့် ဒေသခံ ပြည်သူများကလည်း အမှန်တကယ် အေးချမ်းတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှု၏ အနှစ်သာရများကို ကိုယ်တိုင်သိမြင် ခံစားလာရပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့ကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်း ချီတက်လာသော တပ်မတော်စစ်ကြောင်းများအား လမ်းကြောင်းတစ်လျှောက်၌ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများ ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

*စာမျက်နှာ ၁၆ သို့*



အကြမ်းဖက်သမားများထံမှ သိမ်းပိုက်ရရှိသည့် ခံစစ်စခန်းများကို တွေ့ရစဉ်။



အကြမ်းဖက်သမားများအသုံးပြုထားသည့် အခိုင်အမာ ကွန်ကရစ်ဘန်ကာများကို တွေ့ရစဉ်။





ဖလမ်းမြို့သို့ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရောက်ရှိလာစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှု နှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများအားလည်းကောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသား ၅၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၁ ဦးတို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးပူးပေါင်းအဖွဲ့သည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် ယနေ့ နံနက် ၁၀ နာရီခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၀၈၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျား ပေ ၁၈၀ အနံ ပေ ၅၀ ရှိ လူနေတဲ နှစ်လုံး၊ အလျား ပေ ၂၀ အနံ ၁၅ ပေရှိ လူနေတဲ နှစ်လုံး၊ ၁၅ ပေ ပတ်လည်ရှိ လူနေတဲ ခုနစ်လုံး၊ အလျား ပေ ၆၀ အနံ ပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ နှစ်လုံး၊ ပေ ၃၀ ပတ်လည်ရှိ ထမင်းစားဆောင် နှစ်လုံး၊ ကွန်ပျူတာ ဖလက်ပြား (မော်နီတာ) ခြောက်လုံး၊ မီးစက် (အလတ်) တစ်လုံး၊ မီးစက် (အကြီး) နှစ်လုံး၊ Power Station (အကြီး) တစ်လုံး၊ စားပွဲခုံ ၁၈ လုံး၊ ကုလားထိုင်(ကော်ခုံ) ၃၁လုံး၊ ရေခဲသေတ္တာ နှစ်လုံးနှင့် ဂတ်စ်အိုး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ




အနံ ၁၅ ပေရှိ လူနေတဲ သုံးလုံး၊ အလျား ၁၀ ပေ အနံ ခြောက်ပေရှိ လူနေတဲနှစ်လုံး၊ ခုနစ်ပေ ပတ်လည်ရှိ လူနေတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ ထမင်းစားဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၀ ပေရှိ ဆောက်လုပ်ဆဲလူနေတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ မီးစက် တစ်လုံး၊ ကွန်ပျူတာ ဖလက်ပြား (မော်နီတာ)သုံးလုံး၊ CPU တစ်လုံး၊ ရေခဲသေတ္တာ နှစ်ခန်းတွဲ တစ်လုံး၊ စားပွဲခုံ ၁၈ လုံးနှင့် ကုလားထိုင် (ကော်ခုံ) အလုံး၆၀ တို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၂၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၈၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား ၁၄ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦးနှင့် ဖုန်းမျိုးစုံ ၁၂ လုံးတို့ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ၂၁၀၀ အကွာ၌ အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦးနှင့် ဖုန်းမျိုးစုံ ၁၁ လုံးတို့ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၁၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးနှင့် ဖုန်းမျိုးစုံ ငါးလုံးတို့ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ခန့်အကွာ၌ အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး တို့ကိုလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၅၀ နှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့်တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် ဖုန်း ၁၂ လုံးကို တွေ့ရစဉ်။





မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။

---

*စာမျက်နှာ ၁၅ မှ*

## လှိုက်လှိုက်လှဲလှဲကြိုဆို

ယခုကဲ့သို့ တပ်မတော်က တွန်းဖံမြို့အား အပြီးတိုင် ပြန်လည် သိမ်းပိုက်ထိန်းချုပ်ခဲ့သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဖံနှင့် ကျီးခါးမြို့ စသည့် ချင်းပြည်နယ် မြောက်ပိုင်းဒေသတစ်ခုလုံးအား တပ်မတော်မှ အလုံးစုံထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏ နေရပ်များသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများကိုလည်း ပြန်လည်လုပ်ဆောင်နိုင်ကြတော့မည်ဖြစ်သည်။ ထိုသို့ တပ်မတော်မှ အဆိုပါမြို့များအား ပြန်လည်ထိန်းချုပ်နိုင်ခြင်းကြောင့် ယခုအခါ ဟားခါး- ဖလမ်း- တီးတိန်- တွန်းဖံ -ကျီးခါး လမ်းကြောင်းနှင့် ကလေး -ဖလမ်း- ဟားခါး လမ်းကြောင်းများကို ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှတစ်ဆင့် ချင်းပြည်နယ် မြောက်ပိုင်းမြို့များသို့ ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကုန်ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် ယနေ့တွင်လည်း ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ကလေးမြို့မှ ထွက်ခွာလာခဲ့ပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများက ရိုးရာအကများဖြင့် ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## လေကြောင်းလူငယ်သင်တန်း သင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ်များဖြင့် လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်



**နေပြည်တော် မေ ၂၀**

အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁၀) နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၉) မှ သင်တန်းသားများသည် သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီးနောက် ယနေ့တွင် နေပြည်တော်ရှိ နယ်မြေခံလေတပ်စခန်း၌ တပ်မတော်(လေ) လေယာဉ်မောင်းသင်ကျောင်းမှ လေယာဉ်/ ရဟတ်ယာဉ်များဖြင့် လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ သင်တန်းသားအုပ်ချုပ်သူနည်းပြများနှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်မြေခံလေတပ်စခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး လေယာဉ်လိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေး၍ လေယာဉ်လိုက်ပါပျံသန်းစဉ် သိရှိလိုက်နာရမည့်အချက်များကို ကြိုတင်လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာပြည်မြောက်ပိုင်းနှင့် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းတန်းမြင့် လေကြောင်းလူငယ်သင်တန်းစခန်း နှစ်ခုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ သင်တန်းသား ခြောက်ဦးနှင့် ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လှိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော် သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်အခြေခံလေကြောင်းလူငယ်သင်တန်းစခန်း ၁၈ ခုမှ ပထမရရှိသူ သင်တန်းသား ၁၈ ဦး စုစုပေါင်း သင်တန်းသား ၂၄ ဦးတို့သည် အမောင်းသင်လေယာဉ်များဖြင့် လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ကြပြီး အခြေခံ လေကြောင်းလူငယ်သင်တန်းစခန်း ၁၈ ခုမှ ဒုတိယရရှိသူ သင်တန်းသား ၁၈ ဦးတို့သည် အမောင်းသင် ရဟတ်ယာဉ်များဖြင့် လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

အမောင်းသင် လေယာဉ်/ ရဟတ်ယာဉ်များ လိုက်ပါပျံသန်းသည့် လေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် နည်းပြများနှင့်အတူ Walk Around Check ပြုလုပ်ခြင်း၊ Engine Starting ပြုလုပ်ခြင်း၊ Hover ပြုလုပ်ခြင်း၊ Taxy ပြုလုပ်ခြင်း၊ Takeoff ပြုလုပ်ခြင်း၊ Climbing and Turning ပြုလုပ်ခြင်း၊ Cruising ပျံသန်းခြင်း၊ Descending and Turning ပြုလုပ်ခြင်းနှင့် Approach and Landing ပြုလုပ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် လေယာဉ်စီးနင်းပျံသန်းသည့် အတွေ့အကြုံများ ရရှိစေရန် သင်တန်းသားများနှင့် ဆရာ ဆရာမများသည် တပ်မတော်(လေ) သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြင့် လိုက်ပါပျံသန်းခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ Football for School Pilot Project Program သင်တန်းဆင်းပွဲကျင်းပ

**သာယာဝတီ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ သာယာဝတီမြို့နယ် သုံးဆယ်မြို့အားကစားကွင်း၌ ယမန်နေ့က Football for School Pilot Project Program ဘောလုံးသင်တန်းဆင်းပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဖြိုးမင်းတို့က သင်တန်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။



**ခရိုင်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ သံပန်း၊ သံဂဟေဆက်သင်တန်းဖွင့်

**ကျောက်တံခါး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံပန်း၊ သံဂဟေဆက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က အမှာစကားပြောကြားပြီး သံပန်း၊ သံဂဟေဆက်သင်တန်းကို မေ ၁၉ ရက်မှ ဇွန် ၁၇ ရက်အထိ ရက် ၃၀ ကြာ သင်တန်းသား ၂၀ အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်း(ကျောက်တံခါး)**



## ရေနံချောင်းမြို့နယ်၌ မျိုးစေ့ထုတ်တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့

**ရေနံချောင်း မေ ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ စိုက်ပျိုး နည်းပညာပေးဆိုင်ရာ သီးနှံစုံစံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးတို့က အမှာစကားပြောကြားသည်။





**ထောက်ပံ့ပေးအပ်**

ထို့နောက် အကျိုးဆောင်တောင်သူများအား အောင်နိုင်တိုးစပါး၊ ရောမင်းစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပိုက်ဆံလျှော် သီးနှံမျိုးစေ့များနှင့် ကော်ဖီပျိုးပင်(ရိုဘက်စတာ)တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး(ပြန်/ဆက်)**



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကျောင်းအပ်နှံနိုင်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ကမ်းစာစောင် ၅၀၀ ကျော်ကို အမှတ်(၁) မြို့မဈေးနှင့် အမှတ်(၂) ဈေးကြီးအတွင်းနှင့် အရှေ့တို့တွင် ဈေးရောင်းဈေးဝယ်ပြည်သူများအား လိုက်လံဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ Football for School Pilot Project Program သင်တန်းဆင်းပွဲ ကျင်းပ

**ရွှေတောင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ရွှေတောင်မြို့နယ် အားကစားကွင်းတွင် ယမန်နေ့က Football for School Pilot Project Program ဘောလုံးသင်တန်းဆင်းပွဲ အခမ်းအနားကို ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။



ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး အထက်တန်းကျောင်းခွဲ (သရက်တော) ကျောင်းသို့ သင်တန်းဆင်းမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထိန်မင်းနှင့် ဝန်ထမ်းများက လိုက်ကမ်းကျေးရွာ၌ မေ ၂၀ ရက် နံနက်ပိုင်းက ကျွဲ/နွားများအား ကာကွယ်ဆေးထိုးစီမံချက်အတိုင်း လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ခွန်ရဲထွေး

## ကျောက်ဆည်မြို့၌ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းဖွင့်လှစ်

**ကျောက်ဆည် မေ ၂၀**

ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)တို့ ပူးပေါင်းကာ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီးက အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# ဥတုရာသီ၊ တောကိုမှီ၏။

## ကော့သောင်းမြို့၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်း



ကော့သောင်း မေ ၂၀

ကော့သောင်းမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၉ ရက်က ကော့သောင်းမြို့ မဇ္ဈူသကခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမောင်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက အခွန်ထမ်းပြည်သူများအား ကုန်သွယ်လုပ်ငန်းခွန်ကဏ္ဍဝန်ဆောင်မှု ၃၄ မျိုးနှင့် အခွန်ဆိုင်ရာပြဋ္ဌာန်းချက်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။ ခရိုင်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ မြို့ရိုးရာဂျက်ခုတ် သင်တန်းဖွင့်

လှည်းကူး မေ ၂၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် မြို့အမျိုးသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းတို့ပူးပေါင်း၍ လှည်းကူးမြို့နယ် ကုက္ကိုလ်တောင်(မှန်ကွင်း)ကျေးရွာ၌ မြို့ရိုးရာ ဂျက်ခုတ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်က ကျင်းပရာ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်းက အမှာစကားပြောကြားပြီး မြို့အမျိုးသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းကော်မတီဥက္ကဋ္ဌက ရိုးရာဂျက်ခုတ်သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက မြို့ရိုးရာဂျက်ခုတ်သင်တန်းအတွက် ထောက်ပံ့ငွေကျပ်သိန်းခြောက်ဆယ်ကို ပေးအပ်ရာ အသင်းကော်မတီ ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။ အဆိုပါသင်တန်းကို မေ ၁၉ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ အိရွှေစင်လတ်(ပြန်/ဆက်)

## အရေးပေါ် သားဖွားခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်းဖွင့်

မော်လမြိုင် မေ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ပြီးပြည့်စုံသော အရေးပေါ်သားဖွားခြင်းနှင့် မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပြည်နယ်အဆင့် သင်တန်းဖွင့်ပွဲကို မေ ၁၈ ရက်က မော်လမြိုင်မြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းကို တိုက်နယ်ဆရာဝန် ၁၆ ဦးအား မေ ၁၈ ရက်မှ ၂၂ ရက်အထိ တစ်ကြိမ်၊ မေ ၂၅ ရက်မှ ၂၉ ရက်အထိ တစ်ကြိမ် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး သားဖွားမီးယပ်အထူးကုဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်များ၊ မေ့ဆေးအထူးကုဆရာဝန်နှင့် ရောဂါဗေဒ အထူးကုဆရာဝန်များက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



စည်သူ(ပြန်/ဆက်)

## ရေဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေး



ရေဖြူ မေ ၂၀

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးရာ အသက် (၁၀) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများနှင့် ဟောင်းနွမ်းပျက်စီးခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာ ကျေးရွာနေ ပြည်သူ ၁၅၉ ဦးအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

သထုံ မေ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နောင်ကုလားကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်နှင့် သထုံမြို့မရဲစခန်းမှ ခေတ္တစခန်းမှူးတို့က မှုခင်းဖြစ်စဉ်များ လျော့နည်းကျဆင်းပြီး ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများကို ဖော်ထုတ်အရေးယူနိုင်ရေး စသည်တို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)



## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ



ညောင်လေးပင် မေ ၂၀

ညောင်လေးပင်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့နှင့် ခရိုင်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ယမန်နေ့ နံနက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လင်းရတနာ ခန်းမ၌ ကျင်းပရာ (ထက်၊ လယ်၊ မူ)ဆင့် ပန်းချီပြိုင်ပွဲတွင် ၁၂၀၊ (ထက်၊ လယ်၊ မူ)ဆင့် ကာတွန်းပြိုင်ပွဲတွင် ခုနစ်ဦးနှင့် (ထက်၊ လယ်၊ မူ)ဆင့် ပိုစတာပြိုင်ပွဲတွင် ကိုးဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြို့နယ်(ပြန်/ဆက်)



## လယ်ဝေးမြို့နယ်၌ တောင်သူများအား တစ်ဆက်တစ်စပ်တည်း လယ်ယာမြေအဆင့်မြှင့်တင်နိုင်ရေး ဆွေးနွေး

လယ်ဝေး မေ ၂၀

သမဝါယမဦးစီးဌာနက လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအုပ်စု ရှားချောင်းစိုက်ပျိုးထုတ်လုပ်ရေးသမအသင်းနှင့် ကောင်းသစ်စံ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတို့မှ တောင်သူများအား တစ်ဆက်တစ်စပ်တည်း လယ်ယာမြေအဆင့်မြှင့်တင်ပြီး စနစ်တကျ စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်ရေးအတွက် ရှားချောင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ချောက်မြို့နယ်၌ မျက်စိကျန်းမာရေး(အခမဲ့)ကုသပေး

ချောက် မေ ၂၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မျက်စိအတွင်းတိမ်ရောဂါ (အခမဲ့) စစ်ဆေးကုသခြင်းကို ချောက်မြို့နယ် ပြည်သူ့ဆေးရုံ ဒေါက်တာဆောင်းမို့မို့ဝင်းနှင့် ဝန်ထမ်းများက မေ ၁၈ ရက်တွင် အထူးကုပြင်ပလူနာဌာန၌ ကြီးနီစံပြကျေးရွာရှိ ပြည်သူများအား စစ်ဆေးကုသပေးခဲ့ရာ မျက်စိပါဝါအတွက် မျက်မှန်တပ်ရန် လူနာ ၁၆ ဦး၊ မျက်စိအတွင်းတိမ်ရောဂါအတွက် ခွဲစိတ်ရန် လူနာ ၁၁ ဦး စုစုပေါင်း လူနာ ၂၇ ဦးအား အခမဲ့မျက်စိကျန်းမာရေးစစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ကျော်မိုး(ပြန်/ဆက်)



## ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ကျောက်တန်း မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၈ ရက်က အလက(မြို့မ) ကျောင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူများ ပိုမိုသိရှိနိုင်ရေးဆောင်ရွက်နိုင်ရန် အသိပညာပေး ဟောပြောသည်။ သန့်ဇင်ထွန်း(ပြန်/ဆက်)

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယ အလယ်တန်းပြဆရာမ ဒေါ်မို့မို့အောင် ၆/ကစန(နိုင်)၀၆၇၀၇၉ ၏ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်နှင့် ဝန်ထမ်းမှတ်တမ်းစာအုပ်အရ ဦးဘအိုဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၆-၈-၁၉၈၇ ဖြစ်ပါကြောင်း။

**ဦးဘအို**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ တက္ကသိုလ်ရပ်၊ မြရိပ်ညို (၃)လမ်းနေ မြိတ်မြို့ မြိတ်တက္ကသိုလ် (အဝေးသင်သင်တန်း)တွင် ဒုတိယနှစ် မြန်မာစာမေဂျာအထူးပြုဖြင့် တက်ရောက်နေသော မဟန်မြတ်မိုရ် ၆/ကစန (နိုင်) ၁၁၂၄၄၈ ၏ ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်စာရင်းအရ ဦးခင်မောင်ရွှေဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၂၀၀၂ ခုနှစ်ဖြစ်ပါကြောင်း။

**ဦးခင်မောင်ရွှေ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/5385 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/9359 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့ (၂/၂)ရပ်ကွက်၊ သစ်ယာလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ် – မဂလဒ/ထက၊ မြေကွက်အမှတ် ( ၂/၂/၆၀) ဟုခေါ်တွင်သော ဦးမြတ်သူ အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်အဝန်း ( ၂၅x၅၀ ) ပေရှိမြေနှင့် ယင်းမြေ ပေါ် တွင်ဆောက်လုပ်ထားသော RC တစ်ထပ်တိုက် အဆောက်အအုံနှင့်ရေ၊ မီး မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ စိုင်းဟန်သက်ဦး (၁၃/လရန(နိုင်)၀၉၃၈၀၂) နှင့် ဒေါ်သန်းသန်းထွေး( ၁၀/သဖရ(နိုင်)၀၇၀၀၁၀ ) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မာမာအေး (၈/ရစက(နိုင်)၁၉၃၇၇၈)က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှု အထောက် အထားမူရင်း စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင်အရောင်း အဝယ်ပြုလုပ်မှုကို ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာမာအေး၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဝင်းထက်ဦး( LL.B )** | **ဒေါ်ဝေမိုးသူ ( LL.B )** |
| **အထက်တန်းရှေ့နေ( စဉ်–၄၀၈၇၄ )** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၅၂ )** |
| **Ph-09-754633356** | **Ph-09-421149768** |

**အမှတ်( ၃၅ )၊ ဗိုလ်တေဇလမ်းသွယ်၊ နွယ်ခွေစံပြကျေးရွာ၊ ထောက်ကြန့်မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၅)၊ သုခိတာလမ်းဟု ခေါ်တွင်သော မျက်နှာစာအနံပေ(၂၀)xရှေ့နောက်အလျားပေ (၅၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်တစ်လုံးနှင့် လျှပ်စစ်မီတာ၊ ရေမီတာ အပါအဝင် သီးပင်စားပင်၊ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဝယ်ယူလက်ရှိထား နေထိုင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဖြစ်သော (၁) ဦးဝင်းကိုကို (၁၂/မဂဒ(နိုင်)၁၃၃၂၁၄) ၊(၂)ဒေါ်ရီရီဦး (၁၂/တတန (နိုင်)၁၂၉၄၈၀)တို့ထံမှ ကျွန်ုပ်တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၅) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁) ဦးဆန်းဝင်းအောင် (၉/မကန(နိုင်) ၁၁၈၅၀၇)**
**(၂) ဒေါ်အိအိဖြိုး (၅/ဒပယ(နိုင်) ၁၀၈၉၇၅)**
**အမှတ်(၇၉)၊ သဇင်လမ်း၊ အပိုင်(၁၃)၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၉၄၄၆၀၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ ဝါယာလက်(၂) လမ်း၊ " GRAND WIRELESS CONDOMINIUM” အမည်ရှိ အမှတ်–၂၇၇၊ Basement ပါဝင်သော (၁၀) ခန်းတွဲ၊ (၈ ၁/၂) ထပ်တိုက်၏ အခန်းအမှတ်– ၆၀၂ (၆–လွှာ)၊ အကျယ် အဝန်း (၁၅၆၂) စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့် ကားပါကင်တစ်စီးအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက် ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူများမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော အခန်းဖြစ်ကြောင်း၊ မိမိတို့မှ တရားဝင် ယနေ့တိုင်လက်ရှိထားပိုင်ဆိုင်ထားပြီး အခြားသူတစ်ဦးတစ်ယောက် ထံသို့ ရောင်းချထား ခြင်း၊ ပေါင်းနှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အမှုရင်ဆိုင်ဖြေရှင်းနေရခြင်း၊ အစိုးရဌာန တစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမွေစားအမွေခံ စသည့်အရှုပ်အရှင်းမရှိ မိမိတို့သာ လျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူများဖြစ်ကြသည့် ဦးဖြိုးသူ (၉/ပမန (နိုင်)၁၄၆၃၈၀) နှင့် ဒေါ်မြတ်မို့မို့ (၇/သဝတ(နိုင်)၀၇၉၆၇၇)တို့ထံမှကျွန်ုပ်၏ မိတ်ဆွေ များဖြစ်သူ ဦးအောင်မျိုးသူ (၅/ကလန (နိုင်) ၀၃၉၉၄၉) နှင့် ဒေါ်အိစက်ဖြူဖွေးနိုင် (၇/ပမန (နိုင်) ၁၄၀၃၇၈) တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း များနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသူ နှင့် ဒေါ်အိစက်ဖြူဖွေးနိုင်တို့၏ လွှဲအပ်ချက်အရ–**
**ဒေါ်မြတ်သီတာအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၅၁)**
**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၂၅၀၀၂၁၇၇၂၊ ၀၉–၇၉၉၂၅၈၂၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/အောင်ဇမ္ဗူ)ရှိဦးတိုးကြီး (ဘ) ဦးပေါ်သိန်း ၉/ပမန(နိုင်)၁၅၀၆၃၅ အမည်ပေါက် မြေကွက်အမှတ်(၄၆)၊ ဧရိယာ (၀ဒသမ၀၂၈)ဧကအား အမည်ပေါက်သူ ကွယ်လွန် သွားခဲ့ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်သိန်း (ဘ) ဦးအောင်ကို ၉/လဝန(နိုင်)၁၁၀၀၃၃ မှ ပတ်ဝန်းကျင်သက်သေ ထွက်ဆိုချက်၊ အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၇၀၈/၂၀၂၆)၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး ၎င်းအမည်ပေါက်ဖြင့် မြေငှားစာချုပ် ထုတ်ယူခွင့်ပြု ပါရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ် (၁၅၅၉)ဟု ခေါ် တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးထွန်းအောင် (PKU–၀၆၆၇၆၅) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ဆွေအေး (၁၂/ကမတ(နိုင်)၀၂၇၁၁၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ဒုတိယအကြိမ်မြောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ တပင်ရွှေထီးလမ်း၊ မြေကွက် အမှတ် (၁၄၅၅)၊ အကျယ်အဝန်းပေ(အလျား ၄၀ x အနံ ၆၀)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေအကျယ်ရှိ ဒေါ်ခင်ရီ (HGU– ၀၀၈၀၇၂)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် (အလျား ပေ ၂၀ x အနံပေ ၆၀)အကျယ်ရှိ မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ( အလျား ၁၈ ပေ x အနံပေ၅၀ )ရှိ (၃)ထပ်ခွဲ အဆောက်အအုံ (မြေညီ(ထပ်ခိုးအပါအဝင်)၊ ပထမထပ်၊ ဒုတိယထပ်၊ (၁/၂) တတိယထပ်) တိုက်ခန်းများနှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဖြူဖြူလွင် (၁၂/ရကန(နိုင်)၀၅၉၅၅၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ တိုက်ခန်းများ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထူး (၉/ပကခ(နိုင်)၀၁၅၁၈၉)၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လှိုင်လှိုင်ဌေး (LL.B., D.I.P.L, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၃၀၈)**
**ဖုန်း–၀၉–၇၉၉၇၈၀၀၅၁၊ ၀၉–၂၅၈၅၈၈၂၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/51663 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းဦး ၇/ဒဥန (နိုင်) ၁၃၈၂၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၂၃၅၅၅, Honda Click 125. m/c ယာဉ်လက်ဝယ်ရှိ ဦးသူရ ၆/မမန(နိုင်) ၂၂၇၅၇၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါရှိပြီးရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၇၉၅၃၇, Honda Wave 100 Ncx, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိမ်းစိမ်းဝါ ၆/မအရ(နိုင်)၀၆၁၀၆၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဓဓ–၂၊ ဦးပိုင်အမှတ် ၅၀/၆၇x၆၈ လမ်းကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းဦး ပါ–၄ဦးအနက်၊ ဒေါ်မိုးမိုးလွင် ၉/မရမ(နိုင်)၀၃၀၂၂၁၊ ဦးမျိုးသိန်း ၉/မရမ(နိုင်)၀၈၆၆၃၆တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၂၇/၂၀၂၂)ဖြင့် လည်းကောင်း၊ ဦးသိန်းဦး ၅/စကန(နိုင်)၀၂၈၅၉၂၊ ဒေါ်လှလှ ၉/မရမ(နိုင်)၀၃၀၃၁၂တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၆/၂၀၂၂) ဖြင့် လည်းကောင်းလွှဲအပ်ခြင်းခံရသူ ဦးထက်သူရဖြိုး ၉/ခမစ(နိုင်)၀၃၉၃၀၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန–၁၅၊ ဦးပိုင်အမှတ် ၃/၆၀x၆၁လမ်းကြား၊ စံပြxသခင်ဖိုးလှကြီး လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးဆွေ ၉/မရမ(နိုင်) ၀၆၂၄၇၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ–၄၊ ဦးပိုင်အမှတ် ၈၀/၇၀x၇၁လမ်းကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းဝင်း ၁/ရကန(နိုင်)၀၀၇၅၈၂၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၈၃၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာလာရွှေ ၁၃/တကန(နိုင်)၀၆၆၃၀၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ တင်းဂါတ်ကျေးရွာနေ ဦးဇော်နိုင်တူး–ဒေါ်ခင်လေးမြင့်တို့၏သမီး၊ မထူးယမုံဇင် ၈/ပခက(နိုင်)၃၅၆၁၄၀ သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများသဘောမကြသော ယောကျ်ားအားယူပြီး ယူထားသော ယောကျ်ားမှာလည်း လူကြီး/မိဘများကို ရိုသေရမှန်းမသိဘဲ ရိုင်းပြစော်ကား ပုတ်ခတ်ပြောဆိုနေပါသဖြင့် မထူးယမုံဇင်အား အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်နိုင်တူး–ဒေါ်ခင်လေးမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၆၉က)၊ ဧရိယာ (၀.၁၄၃)ဧကရှိ ဒေါ်ခင်စန်းရီ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား ဒေါ်သန်းရီ(ခ)ဒေါ်ခင်စန်းရီ (ဘ)ဦးအောင်ကြည် ၉/တကန(နိုင်)၀၁၁၁၂၉ မှ မြေငှားစာချုပ်သက်တမ်းတိုး ပေးပါရန် နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း မိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၁၇၇၇) ဟုခေါ်တွင်သော ပေ(၄၀x၆၀) အကျယ်ရှိ ဒေါ်စန်းစန်း (W/MDY–၃၁၇၅၃၈)အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်သူ ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဖြစ်သော ဦးခင် မောင်ဝင်း (၁၁/ကဖန(နိုင်) ၀၆၃၀၃၃) ထံမှဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မီမီကို(၁၂/ရကန(နိုင်)၀၁၃၈၁၆)က ရောင်းဖိုးငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ သည် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကြော်ငြာပါ သည့်ရက်မှစ၍ (၂၈–၅–၂၀၂၆) ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ လာရောက် တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျန်ငွေများ ကို ဆက်လက်ပေးချေ၍ အဆိုပါမြေကွက်ကိုဥပဒေနှင့်အညီ လက်ရောက် ရယူသွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မီမီကို၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်–၅၄၅၇၈)**
**ဖုန်း–၀၉–၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်၊ ပါရမီကွန်ဒိုမီနီယမ်အိမ်ရာ၊ စုပေါင်းပိုင်(၈)ခန်းတွဲ(၇) ထပ်တိုက်အမျိုးအစား အဆောက်အအုံအမှတ်(7+1D)၊ အခန်းအမှတ်(၂၀၄)၊ ဒုတိယထပ် ၊ (၈၀၀)စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်သန်းသန်းဝင်း (၉/မခန(နိုင်)၁၅၃၅၃၇) မှရောင်းချရန်ကမ်းလှမ်းရာ ကျွန်တော် ဦးထွန်းထွန်း (၁၃/ကလန(နိုင်)၀၁၂၄၉၆) ကလည်း အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဝယ်ယူသူကျွန်တော်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးထွန်းထွန်း**
**ဖုန်း–၀၉ – ၅၀၄၉၆၉၀**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ သာပေါင်းရွာနေ ဦးတင်ရဲဝင်း ၉/နထက(နိုင်)၁၉၅၈၈၀ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၉၀၅)နေ ဒေါ်ဂျူးဝသုန် ၁၂/ဒဂတ(နိုင်) ၁၂၈၁၈၆ တို့မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်တော် ဦးတင်ရဲဝင်း နှင့် ကျွန်မ ဒေါ်ဂျူးဝသုန်တို့သည် တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်သည့်အပြင် အတူတကွ ဆက်လက် ပေါင်းသင်းနေထိုင်ရန် နှစ်ဦးနှစ်ဖက်ဆန္ဒမရှိတော့သဖြင့် ( ၂၉–၃–၂၀၂၆)ရက်တွင် “အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့သည့် နှစ်ဦးသဘောတူ ကတိစာချုပ်” ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒများနှင့်အညီ အသိသက်သေများ ရှေ့၌ ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော် ဦးတင်ရဲဝင်းနှင့် ကျွန်မ ဒေါ်ဂျူးဝသုန်တို့၏ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းမှုသည် နှစ်ဖက်အဆင် ပြေစွာ ဥပဒေနှင့်အညီ ကွာရှင်းပြီးစီးပြီး ဖြစ်သဖြင့် နောက်နောင်တွင် တစ်ဦးနှင့် တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း မလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးတင်ရဲဝင်း(ဘ)ဦးထွန်းဝေ** | **ဒေါ်ဂျူးဝသုန်(ဘ)ဦးသန်းဦး** |
| **၉/နထက(နိုင်)၁၉၅၈၈၀** | **၁၂/ဒဂတ(နိုင်)၁၂၈၁၈၆** |
| **သာပေါင်းရွာ၊ နွားထိုးကြီးမြို့နယ်၊** | **အမှတ်(၉၀၅)၊ သမာဓိလမ်း၊** |
| **မန္တလေးတိုင်းဒေသကြီး** | **(၁၄၀)ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ် (၁) ရပ်ကွက်၊ ရတနာပုံ (၁) လမ်းနေ (ဘ) ဦးမြင့်သိန်း (မိ) ဒေါ်တင်တင်ဌေးတို့၏သားဖြစ်သူ မောင်ကျော်ထွဋ်အောင် ၁၄/ကကန(နိုင်)၁၆၂၅၈၆ သည် မိဘများ အပေါ် နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေ သည့်အပြင် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကိုပါ ပြုမူနေသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၁၀)**
**အောင်ဆန်းလမ်းမ၊ အမှတ် (၄)ရပ်ကွက်၊ ကျောင်းကုန်းမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း(၃)ခုအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | အကြောင်းအရာ |
|---|---|---|
| ၁။ | Lot-1 | (က) တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေး အရာရှိရုံး၊ ကြက်စားပြင်ရပ် ထားဝယ်မြို့တွင်(၆၆'x၃၆') RC (2) ထပ် ပေါ်တီကိုအပါအဝင် ရုံးအဆောက်အအုံဆောက်လုပ်ခြင်း (ရေ၊ မီး၊ ဆေး၊ မိလ္လာ၊ ရေဆင်း၊ ရေမြောင်း အပါအဝင်) |
| | | (ခ) တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ကြက်စားပြင်ရပ် ထားဝယ်မြို့တွင် (၄၈၅'x၁၂'x၉"ထု)ကွန်ကရစ်လမ်းခင်းခြင်း၊ (မြေသားလုပ်ငန်း Box Culvert (၁၈'x၅'x၆'-၆")(၁) စင်းနှင့် ဂိတ်တံခါး (၁၅'x၆')(၁)ခုပြုလုပ်ခြင်း အပါအဝင်) |
| | | (ဂ) တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မြိတ်မြို့တွင် MPE သိုလှောင်ကန်နှင့် PPRD ဌာနနှစ်ခုကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်း (အလျား ၈၀၀'x အမြင့် ၆') |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၀-၅-၂၀၂၆ရက်(ဗုဒ္ဓဟူးနေ့)မှ ၂-၆-၂၀၂၆ရက်(အင်္ဂါနေ့)အထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်** - ၄-၆-၂၀၂၆ရက် (ကြာသပတေးနေ့) (၁၆:၀၀)နာရီထိ

(ဂ) တင်ဒါဖွင့်ဖောက်ကြေညာမည့် ရက်/နေရာ ပြန်လည်အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ် များတွင် (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း- 09-755457731,09-252922155**

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ပျဉ်းမနားခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၁**

ဦးအောင်သက်ဆွေ (တရားလို) နှင့် ဦးအောင်မျိုးထွန်း (တရားပြိုင်)

ပဲခူးမြို့ ၊ ရပ်ကွက်ကြီး(၇)၊ ဗိုလ်မင်းရောင်(၁) လမ်း၊ အမှတ်(၅)၊ ဦးအောင်မျိုးထွန်း (ဘ) ဦးစိုးတင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပေးချေထားသော မော်တော်ဆိုင်ကယ် (အရည်ကျို) အစီးရေ (၁၀၀၀)အတွက် ငွေကျပ် သိန်း (၆၀၀) နှင့် နစ်နာကြေးငွေကျပ် သိန်း (၁၀၀) စုစုပေါင်းငွေကျပ် သိန်း(၇၀၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ မေလ ၂၅ ရက်။(၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဟိန်း)**
**ဒုတိယခရိုင်တရားသူကြီး ( ၁ )**
**ပျဉ်းမနားခရိုင်တရားရုံး**

## သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ (တောင်မြို့) မဟာဂန္ဓာရုံကျောင်းတိုက်၊ ဘာသာဋီကာဆရာတော် အရှင်ဇနကာဘိဝံသ (၁၉၀၀ - ၁၉၇၇) ရေးသားစီရင်တော်မူသော ကျမ်းစာအမျိုးမျိုးသည် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မူပိုင်ဖြစ်သည်။

ယင်းကျမ်းစာများ ပုံနှိပ်ထုတ်ဝေခြင်းအား အမရပူရမြို့ (တောင်မြို့) မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယက အဖွဲ့တစ်ခုတည်းကသာ စီစဉ်ထုတ်လုပ်လျက်ရှိရာ မည်သည့်ပုံနှိပ်ထုတ်ဝေသူများအား တည်းဖြတ် ထုတ်လုပ် ပုံနှိပ်ပိုင်ခွင့်များပေး၍ တာဝန်ပေး အပ်နှံစီစဉ်ခိုင်းစေခြင်း၊ ထုတ်ဝေပေးစေခြင်းမျိုးများ အလျဉ်းမရှိခဲ့ပါ။

ယခုအခါ ဘာသာဋီကာဆရာတော်၏ ကျမ်းစာများအား အချို့ အချို့သော ပုဂ္ဂိုလ်များက ခွင့်ပြုချက်မရှိဘဲ တရားမဝင် ပုံနှိပ်ထုတ်ဝေခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နေကြပြီး၊ **ဘာသာဋီကာမူ** ဟု ခေါင်းစဉ် တပ်လျက် အနက်တေးစာအုပ်များအား စီးပွားဖြစ် ထုတ်လုပ်ရောင်းချနေကြောင်း မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကအဖွဲ့အား ကျောင်းရှိဆရာတော်၊ သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများမှ တွေ့သိ အသိပေးလျှောက်ထားလာကြပါသည်။

သို့ဖြစ်ပါ၍ ဘာသာဋီကာဆရာတော်၏ ကျမ်းစာများနှင့်ပတ်သက်၍ နောက်နောင် ဤသို့ဆက်လက် မဖြစ်ပေါ်စေရန် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ယခုလက်ရှိမဟာနာယကအဖွဲ့ ဆရာတော်များ၏ ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်စီးပွားဖြစ် ပုံနှိပ်၊ ထုတ်လုပ်ရောင်းချခြင်းများ ထပ်မံဆက်လက် မပြုလုပ်ကြရန် နောက်ဆုံးအကြိမ်အဖြစ် မေတ္တာရှေ့ထား သတိပေးကြေညာအပ်ပါသည်။

ဆက်လက်ပြုလုပ်ဆောင်ရွက်သည်ကို တွေ့သိရလျှင် တည်ဆဲဥပဒေများအရ မလွဲမရှောင်သာ အရေးယူမှုပြုလုပ်ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကအဖွဲ့**
**ဆရာတော်များ၏ လွှဲအပ်ညွှန်ကြားအရ-**
**ဦးလင်းဇာနည်**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၄၁၂)**
**အမှတ် (၁၂၀၈-ခ) ကုန်းဘောင်လမ်း၊**
**၆- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၂၉၃၄၅၆၆၊ ၀၉-၄၄၃၁၁၃၆၄၇**

## အမည်ပြောင်း

ပုသိမ်မြို့၊ (၅)ရပ်ကွက်နေ ဦးအောင်မိုးကျော်-ဒေါ်သီရိနိုင်တို့၏သမီး၊ စိန်ဂျွန်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade - 5 မှ မစနိုးဗွိုက် (ကျောင်းဝင်အမှတ်-၁၆၀၉) အား မဆုဝင့်ဝါလင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုဝင့်ဝါလင်း**

## အမည်ပြောင်း

ဦးအောင်အောင် ၇/ဝမန(နိုင်)၀၉၆၄၆၂ ၏သား၊ ပဲခူးမြို့၊ အထက (၃) Grade-11 မှ မောင်ဇေယျအား ယနေ့မှစ၍ မောင်အောင်ဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ဘုန်းပြည့်**

## အမည်ပြောင်း

ဦးတင်ကိုဝင်း၏သမီး ကျုံပျော်မြို့နယ်၊ မြန်ပြည်သားကောင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ ကျောင်းဝင်အမှတ်(၀၀၉၂) မွေးသက္ကရာဇ် ၂၈-၈-၂၀၁၂၊ နန့်ဆုမွန်အောင်အား နန့်ဆုမွန်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၃/စီ)၊ ကာယရပ်ကွက်၊ ကာယ(၉)လမ်း၊မြေကွက်အမှတ်(၄/၄၈-B)၊အိမ်အမှတ်(၁၉၅/ဂ)အကျယ်အဝန်း(၀.၁၁၁)ဧကရှိ ဒေါ်နီနီဝင်း(၁၂/လမတ(နိုင်)၀၂၉၀၆၀)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်သူဇာခိုင်(၁၂/အစန(နိုင်)၀၀၀၇၂၃)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်လှိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
***Ph-09421746974***

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆)၊ လူနေရပ်ကွက်အမှတ် (၁၅၆)၊ ဆည်ဗထူးလမ်း၊ မြေကွက်အမှတ် (၁၂)၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ ဦးစိန်လှိုင်အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းသူဦးခွန်ပိုထူးကျော် (၁၃/တကန(နိုင်)၃၀၁၄၄၂)မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲ ပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇွန်မေဒေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ပညာခိုင်ခံ့ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 အောင်မြင်ပြီးသူ မောင်စည်သူ၏ မိဘ ဦးမင်းကျော်ဦးနှင့် ဒေါ်စန်းငွေ၏ အမည်မှန်မှာ ဦးခိုင်ဝင်းထွန်း ၆/ထဝန(နိုင်)၀၇၈၉၅၉နှင့် ဒေါ်သန်းသန်းအေး ၁၀/သဖရ(နိုင်)၂၂၂၇၇၄ ဖြစ်ပါကြောင်း။

**ဦးခိုင်ဝင်းထွန်းနှင့် ဒေါ်သန်းသန်းအေး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့ ၊ ကွင်းရပ်ရပ်ကွက် ၊ အကွက်အမှတ်နှင့်အမည် (၇၇/ကွင်းရပ်) ၊ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ဒသမ၀၇၀)ဧကရှိမြေကို မော်လမြိုင်မြို့ ၊ ကွင်းရပ်ရပ်ကွက်နေ ဦးဇော်လွင်နှင့် ဒေါ်မြင့်မြင့်မူတို့(၂)ဦးမှ နှစ်ရှည် မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဂရန်စာချုပ်မူရင်းတင်ပြနိုင်မှု မရှိခြင်းအပေါ် ဦးဇော်လွင်နှင့် ဒေါ်မြင့်မြင့်မူတို့(၂)ဦးမှ တင်ပြလာမှုအပေါ် မြေစာရင်း ပုံစံ(၁၀၅) ၊ (၁၀၆) ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၊ စွန့်လွှတ်ပေးကမ်းခြင်းစာချုပ် ၊ ကျမ်းကျိန်လွှာ၊ အမွေဆက်ခံစာချုပ် ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မိတ္တူများနှင့်အတူ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ (၁၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာ မရှိပါက ဦးဇော်လွင်နှင့် ဒေါ်မြင့်မြင့်မူတို့(၂)ဦး၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/5579, AIG 200 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ငွေး ၉/ရမသ(နိုင်)၁၂၄၄၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/74117, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမြတ်မွန် ၁၄/ဟသတ(နိုင်)၂၈၀၉၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇ ရပ်ကွက်၊ အကွက်အမှတ် နန-၁၇၊ ဦးပိုင်အမှတ် ၂/၆၈x၆၉ လမ်းကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထုလွမ် ၁/မကန(နိုင်)၁၀၃၄၆၇က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

